မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။ Established 1914

၁၃၇၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက်၊ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီ ၁၇ ရက်၊ စနေနေ့၊ အတွဲ(၄၈)၊ အမှတ်(၁၀၉)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နေပြည်တော်၌ တည်ထားကိုးကွယ်မည့် ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ပြီးစီးမှုနှင့် ဖေဖော်ဝါရီလအတွင်း ဥပ္ပါတသန္တိစေတီတော်၏ သတ္တဌာန မူလဌာပနာတော်သွင်း မဟာမင်္ဂလာ၊ အလယ်ဌာပနာတော်သွင်းနှင့် ပန်းလည်တိုင်စိုက်ထူခြင်း မဟာမင်္ဂလာအခမ်းအနား ကျင်းပနိုင်ရေး ညှိနှိုင်းစည်းဝေး

နေပြည်တော် ဇန်နဝါရီ ၁၆

နေပြည်တော်၌ တည်ထားကိုးကွယ်မည့် ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ပြီးစီးမှုနှင့် ဖေဖော်ဝါရီလအတွင်း ဥပ္ပါတသန္တိစေတီတော်၏ သတ္တဌာန မူလဌာပနာတော်သွင်း မဟာမင်္ဂလာ၊ အလယ်ဌာပနာတော်သွင်းနှင့် ပန်းလည်တိုင်စိုက်ထူခြင်း မဟာမင်္ဂလာအခမ်းအနား ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီတွင် အဆိုပါစေတီတော်ကုန်းတော်ရှိ ဓမ္မာရုံ၌ ကျင်းပရာ ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ စေတီတော် တည်ဆောက်ရေးဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ဖိတ်ကြားထားသူများ၊ အလှူရှင်များ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✳

ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး နေပြည်တော်၌ တည်ထားကိုးကွယ်မည့် ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ပြီးစီးမှုနှင့် ဖေဖော်ဝါရီလအတွင်း ဥပ္ပါတသန္တိစေတီတော်၏ သတ္တဌာန မူလဌာပနာတော်သွင်း မဟာမင်္ဂလာ၊ အလယ်ဌာပနာတော်သွင်းနှင့် ပန်းလည်တိုင်စိုက်ထူခြင်း မဟာမင်္ဂလာအခမ်းအနား ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁၇ ရက်)

ကြက်ဥအာနိသင်ဖြင့် မြွေဆိပ်ဖြေဆေး ဖော်ထုတ်နိုင်ဆေးသုတေသနအောင်မြင်မှုကို ဖော်ဆောင်

သုတေသနလုပ်ငန်း၏ သဘောသဘာဝသည် စနစ်တကျလုပ်ဆောင်ရသည့် ဘာသာရပ်ဖြစ်သည်။ ယင်းဘာသာရပ်များထဲမှ လူအများ၏ အသက်ကို ကယ်ဆယ်သည့်ဆေးဝါးများ စမ်းသပ်ရသည့် သုတေသနမျိုး၊ ရောဂါအမျိုးအမည်ကို ရှာဖွေဖော်ထုတ်ရသည့်နည်းပညာများ တီထွင်စမ်းသပ်ရသည့် သုတေသနမျိုးနှင့် ရောဂါကာကွယ်ပေးသည့် ကာကွယ်ဆေးကဲ့သို့သော ဆေးဝါးမျိုးများ စမ်းသပ်ဖော်ထုတ်ရသည့် သုတေသနမျိုးများ၌ အချိန်ယူလုပ်ဆောင်မှုသည် အရေးကြီးသည်။

အသည်းရောင်အသားဝါ ဘီရောဂါပိုးကြောင့်ဖြစ်သည့် အသည်းရောင်အသားဝါ ဘီရောဂါကာကွယ်ဆေးကို ဆေးသုတေသန ဦးစီးဌာနက စမ်းသပ်မှုများ အဆင့်ဆင့်ပြုလုပ်ခဲ့ပြီး လက်တွေ့စမ်းသပ်မှု အောင်မြင်ခဲ့ပြီး ကာကွယ်ဆေးကို စတင်ထုတ်လုပ်နိုင်ခဲ့သည်။

ထိုနည်းတူ လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်ကစပြီး ဆောင်ရွက်ခဲ့သော မြွေကိုက်ခံရသူ လူနာအား အရေးပေါ်ပြုစုနည်း၊ မြွေအန္တရာယ်ကာကွယ်နည်း၊ ကိုယ်တွင်းမြွေဆိပ် ပမာဏအား လွယ်ကူစွာတိုင်းတာနည်း၊ မြွေဆိပ်ဖြေဆေးကို လျှပ်စစ်ဓာတ်အား မရရှိသော အရပ်ဒေသ၌ သိုလှောင်သိမ်းဆည်းနည်း၊ မြွေဆိပ်ဖြေဆေးအား ဆိတ်သွေးရည်ကြည်မှ ထုတ်လုပ်နည်းတို့ကို သုတေသနပြု အောင်မြင်ခဲ့ပြီးနောက် ယခုအခါ မြွေဆိပ်ဖြေဆေးအား ကြက်ဥမှ ထုတ်လုပ်နည်းတို့ကို အောင်မြင်စွာ သုတေသနပြု ဖော်ထုတ်နိုင်ခဲ့ခြင်းဖြစ်သည်။

နောက်ဆုံးသုတေသနပြုနေသည့် ကြက်ဥမှ ထုတ်လုပ်သည့် မြွေဆိပ်ဖြေဆေးကို ၂၀၀၂ခုနှစ်ကတည်းမှ စ၍ သုတေသနပြု ဆောင်ရွက်ခဲ့သည်။ ကြွက်၊ ယုန်၊ မျောက် စသည့် တိရစ္ဆာန်များတွင် စမ်းသပ်သုတေသနပြုခဲ့ရာ ဘေးထွက်ဆိုးကျိုးမရှိကြောင်း တွေ့ရှိခဲ့ရသည်။

လူတွင် ဆက်လက်စမ်းသပ် သုတေသနပြုလျက်ရှိရာမှာ ကြက်ဥမှထွက်ရှိသည့် မြွေဆိပ်ဖြေဆေး အာနိသင်သည် မြင်းသွေးရည်ကြည်မှ ထုတ်လုပ်သည့် မြွေဆိပ်ဖြေဆေးထက် အဆများစွာ ကောင်းမွန်ပြီး စရိတ်သက်သာ၍ မြွေကိုက်ခံရသည့်လူနာအတွက် များစွာအကျိုးဖြစ်ထွန်းကြောင်း တွေ့ရှိရသည်။

ကြက်ဥမြွေဆိပ်ဖြေဆေးကို စမ်းသပ်မှုအဆင့်ဆင့် အောင်မြင်စွာကျော်ဖြတ်နိုင်ခဲ့ပြီး ယခုအခါ ကျွမ်းကျင်သော သမားတော် ဆေးသုတေသီများက မြွေကိုက်ခံရသူများအား စမ်းသပ်မှုပြုလုပ်နေပြီ ဖြစ်သည်။

သို့ဖြစ်ပေရာ မြွေဆိပ်ဖြေဆေး ဆေးသုတေသနပြုချက်ကဲ့သို့ အခြားရောဂါများအတွက် ဆေးသုတေသနပြုမှုများ အောင်မြင်ခြင်းသည် နိုင်ငံတော်အတွက် ဂုဏ်ယူဖွယ်ရာဖြစ်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကပင် အသိအမှတ်ပြုခဲ့ကြောင်း မှတ်တမ်းပြု ဖော်ပြလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူးဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့် ဆားလုပ်ငန်းနှင့်ရေလုပ်ငန်းရှင်များအားတွေ့ဆုံ

ဒေသဖွံ့ဖြိုးရေးအတွက် ဆွေးနွေး

ရန်ကုန် ဇန်နဝါရီ ၁၆

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်တို့သည် ဇန်နဝါရီ ၁၁ရက် နံနက်ပိုင်းက ရေးမြို့နယ် ဇီးဖြူသောင်ကျေးရွာမဏ္ဍပ်၌ ဆားလုပ်ငန်းရှင်များ၊ ရေလုပ်ငန်းရှင်များ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများနှင့် ဒေသခံတာဝန်ရှိသူများနှင့် တွေ့ဆုံရာ တာဝန်ရှိသူများက ဆားလုပ်ငန်းနှင့် ရေလုပ်ငန်းအဆင့်မီ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်မှုအခြေအနေနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အခြေအနေများကို ဆွေးနွေးတင်ပြကြပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

တွေ့ဆုံ

ထို့နောက် အစင်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ လုပ်ငန်းရှင်များ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများနှင့် ဒေသခံတာဝန်ရှိသူများအားလည်းကောင်း၊ ရေးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာများမှ ရပ်မိရပ်ဖများနှင့် လူမှုရေးအသင်းအဖွဲ့များအားလည်းကောင်း တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၁၇-၁-၂၀၀၉ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ မြဝတီအဖွင့်
၁၁း၀၅ ၂။ အဖွင့်သီချင်း
၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁း၂၅ ၄။ ကာတွန်းအစီအစဉ် **ဂျူမုံမင်းသားလေး** (အပိုင်း-၁၅)
၁၂း၀၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **ဇာတ်ဆရာအလိုကျ** မြင့်မြတ်၊ အေးမြတ်သူ၊ မို့မို့မြင့်အောင်၊ ထွန်းအိန္ဒြာဗို ဒါရိုက်တာ-အောင်ဆွေ(မြန်မာ)
၁၃း၅၅ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၄း၀၀ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မောင်နဲ့သာဆိုရင်** (အပိုင်း-၁၃)

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၁၅ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄း၂၀ ၅။ မျိုးချစ်တပ်မတော်
၄း၃၀ ၆။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅း၀၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၂၀ ၈။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၂။ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
၆း၄၅ ၁၃။ လျှပ်တစ်ပြက်
၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သံယောဇဉ်နှောင်ကြိုး** (အပိုင်း-၄၃)
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ လူရွှင်တော်ရွှေဖလား
၁၉။ အင်္ဂလိပ်စာသုတ English Usage
၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှလုံးသားအလှသစ္စာတရား** (အပိုင်း-၁၆)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်း ကျောက်ပန်းတောင်းမြို့နယ် ဈေးကုန်းကျေးရွာအုပ်စုအတွင်းရှိ ဒေသခံပြည်သူများအား အမှာစကားပြောကြားစဉ်။

(ဘဏ္ဍာ/အခွန်)

ကျောက်ပန်းတောင်းမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ

ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၆

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ဇန်နဝါရီ ၁၄ရက် နံနက်ပိုင်းက မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် စီပေါက်ကန်ကျေးရွာအုပ်စု စီပေါက်ကန်ကျေးရွာ၌ သောက်သုံးရေရရှိရေးအတွက် စည်ပင်သာယာရေးဦးစီးဌာနက ယာဉ်တင်တွင်းတူးစက်ဖြင့် စက်ရေတွင်းတူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာအုပ်စုမှ ဒေသခံပြည်သူများအားတွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားပံ့ပိုး ဖြည့်ဆည်းပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် ဈေးကုန်းကျေးရွာအုပ်စု အခြေခံပညာမူလတန်းလွန်ကျောင်း၌ ဗလာစာအုပ်များ ပေးအပ်လှူဒါန်းပြီး ကျောင်းကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ဈေးကုန်းကျေးရွာရှိ သူရိန်လင်း စာကြည့်တိုက်၌ စာကြည့်တိုက်ခင်းကျင်းထားမှု၊ စာအုပ်များဖြည့်ဆည်းထားမှုနှင့် စပါးခွံ လောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်တို့ကို ကြည့်ရှုပြီး ကျေးရွာအုပ်စုအတွင်းရှိ ဒေသခံပြည်သူများအား တွေ့ဆုံသည်။

ပေးအပ်လှူဒါန်း

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ကျောက်ပန်းတောင်းမြို့နယ် တောင်ဦးကျေးရွာအုပ်စု၌ကျင်းပသော စိတ်ကူးသစ်စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို တက်ရောက်ပြီး တာဝန်ရှိသူများ၊ အလှူရှင်များနှင့်အတူ စာကြည့်တိုက်အတွက် စာအုပ်စာတမ်းများ၊ ဂျာနယ်များနှင့် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

မှာကြားဖြည့်ဆည်း

ထို့နောက် ဝန်ကြီးသည် တောင်ဦးကျေးရွာအုပ်စု အခြေခံပညာအထက်တန်းကျောင်း၌ ဒေသခံပြည်သူများ အားလည်းကောင်း၊ ကြက်ပြစ်ကျေးရွာအုပ်စု၌ ဒေသခံပြည်သူများအားလည်းကောင်း တွေ့ဆုံပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဝန်ကြီးသည် ကြက်ပြစ်ကျေးရွာ၌ပြုပြင်လျက်ရှိသည့် ကျောင်းအိုရေလှောင်ကန်အတွက် အလှူငွေပေးအပ်ပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေတောင်မြို့ တောင်လုံးညို-ကသစ်တိုင်းလမ်း မြေနီကျောက်စရစ်ခင်း

ရွှေတောင် ဇန်နဝါရီ ၁၆

ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှိုင်နှင့်အဖွဲ့သည် တာဝန်ရှိသူများ လိုက်ပါလျက် ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် မြို့ပြ၊ ကျေးလက်လမ်း၊ တံတား၊ ရေပေးရေး ဆောင်ရွက်မှုများနှင့် တောင်လုံးညို-ကသစ်တိုင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်း (ပေ ၅၄၀၀×၁၀ပေ×၀ဒသမ ၆လက်မ)ကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးရာ လုပ်ငန်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးထွန်းဇော်မိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်စိုးနိုင်တို့က ရှင်းလင်းတင်ပြကြောင်း သိရသည်။ **(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)**

တက်ရောက် အားပေး

မြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ယင်းမာပင်မြို့နယ် ကျောက်မှော်ကျေးရွာ ကိုယ့်အားကိုယ်ကိုး ''ကြွေရတနာ'' စာကြည့်တိုက်ဖွင့်ပွဲသို့ တက်ရောက်အားပေးစဉ်။

(သတင်းစဉ်)

ကျေးလက်ပြည်သူအားလုံး စာပေဗဟုသုတ မြင့်မားတိုးတက်အောင်ရည်ရွယ်

တည်ထောင်ဖွင့်လှစ်ထားသော ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များတွင် စာပေဗဟုသုတများ ဖတ်ရှုလေ့လာသည့် အလေ့အကျင့်ကောင်းများရရှိအောင်ကြိုးပမ်း

နေပြည်တော် ဇန်နဝါရီ ၁၆

မြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဇန်နဝါရီ ၁၂ ရက် နံနက် ၉နာရီခွဲတွင် စစ်ကိုင်းတိုင်း ယင်းမာပင်မြို့နယ် ကျောက်မှော်ကျေးရွာ ကိုယ့်အားကိုယ်ကိုး ကြွေရတနာ စာကြည့်တိုက်ဖွင့်ပွဲသို့ တက်ရောက်အားပေးသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ယင်းမာပင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးလှိုင်၊ စာကြည့်တိုက်အလှူရှင် ဦးဝင်းမြင့်နှင့် ဇနီးဒေါ်ကြွေကြွေတို့က ကြွေရတနာ စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဝန်ကြီးသည် စာကြည့်တိုက်အတွင်း ကြည့်ရှုစစ်ဆေးပြီး စာဖတ်ပြည်သူများအား အားပေးစကားပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ဒေသခံပြည်သူများနှင့် တွေ့ဆုံရာ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ယင်းမာပင်မြို့နယ်ရှိ ကျောက်မှော်ကျေးရွာအုပ်စု၊ ဘန့်ဘွေးကျေးရွာအုပ်စု၊ စုန်းချောင်းကျေးရွာအုပ်စု၊ ကန်ချောင်ကျေးရွာအုပ်စု၊ စုန်းကျင်ကျေးရွာအုပ်စုနှင့် ဆည်ကြီးကျေးရွာအုပ်စု ကျေးရွာအုပ်စု ခြောက်အုပ်စုတို့မှ ဒေသခံပြည်သူ ၁၃၀၀ကျော်တို့ တက်ရောက်ကြသည်။

အမှာစကားပြောကြား

တွေ့ဆုံပွဲ၌ ဒေသခံတာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားသည်။

ယင်းနောက် ကြွေရတနာ စာကြည့်တိုက် ငွေပဒေသာပင် စိုက်ထူရန် အတွက် အလှူရှင် ဦးဝင်းမြင့်နှင့် ဇနီးဒေါ်ကြွေကြွေ (သီရိသုခမ္မသီဂီ) မိသားစုက ငွေကျပ် ငါးသိန်း၊ လှနန်းသူဇာ သယ်ယူပို့ဆောင်ရေး အဖွဲ့က ငွေကျပ် နှစ်သိန်း၊ ဦးဖိုးနီ-ဒေါ်ထား မေမိသားစုက ငွေကျပ်တစ်သိန်း၊ ဦးစိန်လှိုင်-ဒေါ်ကြည် (စိန်ကြည်) မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးသန်းလှနှင့် Golden Brother သယ်ယူပို့ဆောင်ရေး အဖွဲ့က ငွေကျပ် ၁၅၀၀၀၀၊ ဦးစံငွေး-ဒေါ်နွယ်မိသားစုက ငွေကျပ် ၅၀၀၀၀၊ ဦးမြင့်ဦး-ဒေါ်စန်း မိသားစုက ငွေကျပ် ၂၀၀၀၀၊ ဦးသိန်းထွန်းဦး-ဒေါ်မွန်ရီ မိသားစုက ငွေကျပ် ၂၀၀၀၀တို့ကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ကျောက်မှော်ကျေးရွာအုပ်စု၊ ဘန့်ဘွေးကျေးရွာအုပ်စု၊ စုန်းချောင်းကျေးရွာအုပ်စု၊ ကန်ချောင်ကျေးရွာအုပ်စု၊ စုန်းကျင်ကျေးရွာအုပ်စုနှင့် ဆည်ကြီးကျေးရွာအုပ်စု ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ အတွက် ငွေကျပ် နှစ်သိန်းစီ စုစုပေါင်း လှူဒါန်းငွေကျပ် ၁၂သိန်းကို လည်းကောင်း၊ ဒေသခံပြည်သူများအတွက် အဝတ်အထည်များ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ လူသုံးကုန် ပစ္စည်းများကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဝန်ကြီးသည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ဝန်ကြီးသည် ဒေသအာဏာပိုင်များ၊ စေတနာရှင်၊ အလှူရှင်များ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ဝိုင်းဝန်းဆောင်ရွက်လျက်ရှိသော လည်ပေါက်-ချင်ပြစ်လမ်းဖောက်လုပ်ပြုပြင်နေမှုကို ကြည့်ရှုအားပေးပြီး လမ်းကြောင်းပေါ်တွင် စောင့်ကြိုနှုတ်ဆက်နေကြသော ပုထိုးသာကျေးရွာမှ ဒေသခံပြည်သူများအား တွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြားသည်။

တွေ့ဆုံ

ထိုမှတစ်ဆင့် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းသည် ပုလဲမြို့နယ် ညောင်ပင်သာကျေးရွာသို့ရောက်ရှိ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်ရန်အတွက် ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံပွဲသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ညောင်ပင်သာ ကျေးရွာအုပ်စုဝင်များဖြစ်သော ခေါ်သန္တိကျေးရွာအုပ်စု၊ ဆင်ရှင်ကျေးရွာအုပ်စု၊ ကိုင်းကြီး ကျေးရွာအုပ်စု၊ ကျေးသမျှား ကျေးရွာအုပ်စု ကျေးရွာအုပ်စုလေးအုပ်စု ကျေးရွာပေါင်း ၁၁ရွာမှ ဒေသခံ ပြည်သူ ၂၀၀၀တို့ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဒေသခံတာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ရှင်းလင်း တင်ပြကြရာ ဝန်ကြီးက တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားသည်။

ယင်းနောက်ဝန်ကြီးသည် ညောင်ပင်သာကျေးရွာ မီးလင်းရေးအတွက် ငွေကျပ်ငါးသိန်း၊ ဆင်ရှင်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း ဆောက်လုပ်ရန်အတွက် ငွေကျပ် သုံးသိန်း၊ ကံကြီးကျေးရွာ စာကြည့်တိုက်အတွက် ငွေကျပ်နှစ်သိန်း၊ ခေါ်သန္တိကျေးရွာ စာကြည့်တိုက်အတွက် ငွေကျပ် နှစ်သိန်း၊ ကံသစ်ကျေးရွာ စာကြည့်တိုက်အတွက် ငွေကျပ် နှစ်သိန်း စုစုပေါင်း လှူဒါန်းငွေကျပ် ၁၄သိန်းကို လည်းကောင်း၊ ဒေသခံ ပြည်သူများအတွက် အဝတ်အထည်များ၊ မီးဖိုချောင်သုံးပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကိုလည်းကောင်း ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဝန်ကြီးသည် တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက်ဝန်ကြီးသည် ညောင်ပင်သာရွာမှ ပြန်လည်ထွက်ခွာလာရာ ခေါ်သန္တိကျေးရွာတွင် စောင့်ကြိုနှုတ်ဆက်နေကြသော ကျေးရွာပြည်သူများအား တွေ့ဆုံ၍ ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ အားပေးစကားပြောကြားသည်။

တွေ့ဆုံပွဲများတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာ၌ နိုင်ငံတော် အစိုးရအနေဖြင့် တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးအတွက် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိရာ ယခုအခါ မည်သည့် ခေတ်ကာလနှင့် မတူအောင် ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကိုတွေ့မြင်ရမည် ဖြစ်ကြောင်း၊ အခြေခံပညာမှစ၍ အဆင့်မြင့်ပညာအထိ ကျောင်းသားလူငယ်များ အလွယ်တကူ ပညာသင်ကြားနိုင်သည့် အခွင့်အလမ်းများ ရရှိနေပြီ ဖြစ်ကြောင်း၊ ကျေးလက်ပြည်သူများအနေဖြင့် ကလေးသူငယ်များ၏ ပညာရေးကို ဦးစားပေးကြိုးပမ်းဆောင်ရွက်နေမှုများအပေါ် အသိအမှတ်ပြု အားပေးပါကြောင်း။

လက်တွဲဆောင်ရွက်

ထို့အပြင် ကျေးလက်ပြည်သူအားလုံး စာပေဗဟုသုတ မြင့်မားတိုးတက်လာအောင် ရည်ရွယ်၍ တည်ထောင်ဖွင့်လှစ်ထားသော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များတွင် စာပေဗဟုသုတများကို အမှန်တကယ် ဖတ်ရှုလေ့လာသည့် အလေ့အကျင့်ကောင်းများ ရရှိအောင်ဆက်လက်ကြိုးပမ်း ဆောင်ရွက်ကြရန်လည်း တိုက်တွန်းမှာကြားလိုကြောင်း၊ နိုင်ငံတော်က စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကို ဖန်တီးဆောင်ရွက်ပေးထားသည့်အလျောက် ကျေးလက်နေပြည်သူများ အနေဖြင့် မိမိတို့ဒေသနှင့် ကိုက်ညီသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားကုန်ထုတ်လုပ်ငန်းများကို တွဲဖက်လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် လူနေမှုဘဝ ပိုမိုမြင့်မားတိုးတက်အောင် ကြိုးပမ်း ဆောင်ရွက်ကြရန်နှင့် နိုင်ငံတော်အစိုးရဘက်က လိုအပ်သည်များကို ဖြည့်ဆည်း ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြည်သူလူထု တစ်ရပ်လုံးအနေဖြင့် လူနေမှုဘဝ မြင့်မားလာကာ စာပေဗဟုသုတနှင့် အတွေးအခေါ် အဆင့်အတန်း တိုးတက်လာသည်နှင့်အမျှ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မှန်ကန်စွာ ဝေဖန်ဆုံးဖြတ်နိုင်ပြီး နိုင်ငံတော် အစိုးရနှင့်အတူ ဝိုင်းဝန်းလက်တွဲ ဆောင်ရွက်သွားကြရန် တိုက်တွန်း မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဇန်နဝါရီ ၁၃ရက် မွန်းလွဲပိုင်းတွင် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ သွားရောက်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ယင်းမာပင်မြို့နယ် ကျောက်မှော်ကျေးရွာ ကိုယ့်အားကိုယ်ကိုး ''ကြွေရတနာ'' စာကြည့်တိုက်အတွင်း စာဖတ်ပြည်သူများအား အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

အင်အားပြင်းထန်သောလျှင်လှုပ်

နေပြည်တော် ဇန်နဝါရီ ၁၆

ဇန်နဝါရီ ၁၆ရက် မြန်မာစံတော်ချိန် ၀၀နာရီ မိနစ် ၃၀ ၀၀ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် မိုင် ၃၉၀၀ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပ(ရုရှားဖက်ဒရေးရှင်းနိုင်ငံ)အနီးကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၇ဒသမ၃ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက် — သန်းသန်းနု ကိုးကားတင်ပြသည်

ဟားခါး၊ လွိုင်လင်နှင့် နမ့်စန်တို့တွင် အအေးပိုမြဲ

မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းနှင့် ကမ်းလွန်ပင်လယ်ပြင်တို့၌လှိုင်းကြီးနိုင်

ရန်ကုန် ဇန်နဝါရီ ၁၆

ဇန်နဝါရီ ၁၇ ရက် (ယနေ့) ပြည်နယ်နှင့်တိုင်းများ၏ ရာသီဥတု အခြေအနေကို ခန့်မှန်းရပါက ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်ဖြစ်သည်။

ဇန်နဝါရီ ၁၇ ရက် **(ယနေ့)** နေပြည်တော်နှင့် မန္တလေးမြို့ အနီးတစ်ဝိုက် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်ဖြစ်ပြီး ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် အများအားဖြင့် သာယာမည်ဖြစ်သည်။

ဇန်နဝါရီ ၁၆ရက်က ဖြစ်ပေါ်ခဲ့သောရာသီဥတုအခြေအနေကို ဖော်ပြရပါက ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများ၌ အများအားဖြင့် သာယာခဲ့သည်။

အပူချိန်

ညအပူချိန်များမှာ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဇန်နဝါရီလ၏ပျမ်းမျှအပူချိန်အောက် ၅ဒီဂရီ စင်တီဂရိတ်မှ ၆ ဒီဂရီ စင်တီဂရိတ်အထိ၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်း တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့သည်။ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှ အပူချိန်တို့ထက် ၃ ဒီဂရီ စင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့သည်။ ကျန်ဒေသများတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန် ခန့်သာ ရှိခဲ့သည်။

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးတွင် ၀ ဒီဂရီ စင်တီဂရိတ်၊ လွိုင်လင်မြို့တွင် ၁ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့နှင့် ပင်လောင်းမြို့တို့၌ ၃ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်သည်။

သာယာ

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့၌ တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

လှိုင်းကြီးနိုင်

မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်အထိတိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား-မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ထုတ်ပြန်ချက်

အမေရိကန် အီလီနွိုက်အခြေစိုက် မိုဘိုင်းလ်ဖုန်းကုမ္ပဏီ ဝန်ထမ်းဦးရေ ၄၀၀၀ လျှော့ချမည်ဟုဆို

နယူးယောက် ဇန်နဝါရီ ၁၆

ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးအကျပ်အတည်းကြောင့် ကုန်ကျစရိတ်ကိုချိုးခြိုးချွေတာမှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဝန်ထမ်း ၄၀၀၀ကို လျှော့ချမည်ဟု အမေရိကန် မိုဘိုင်းလ်ဖုန်းကုမ္ပဏီ မိုတိုရိုလာက ဇန်နဝါရီ ၁၅ရက်က ထုတ်ဖော်ပြောကြားသည်။

ပြောကြား

ယင်းအစီအစဉ်သည် ၂၀၀၉ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၁ဒသမ၅ ဘီလီယံ အကုန်အကျ သက်သာစေရေး ဆောင်ရွက်ရန်ဖြစ်ပြီး နှစ်အလိုက်ကုန်ကျစရိတ် လျှော့ချရေးစီမံကိန်း၏ တစ်စိတ်တစ်ဒေသဖြစ်ကြောင်း အီလီနွိုက်အခြေစိုက် ယင်းကုမ္ပဏီက ပြောကြားသည်။

ပြောကြား

ယင်းကုမ္ပဏီသည် စတုတ္ထသုံးလပတ်တွင် လုပ်ငန်းအရှုံးပေါ်ကြောင်း အစောပိုင်းက သတင်းထုတ်ပြန်ခဲ့သည်။

ထုတ်ပြန်

ဝန်ထမ်းလျှော့ချမည့် အစီအစဉ်အရ မိုဘိုင်းလ်ဖုန်း ထုတ်လုပ်ရေး လုပ်ငန်းမှ ဝန်ထမ်း၃၀၀၀ကို လျှော့ချမည်ဖြစ်ပြီး ကျန်ဝန်ထမ်း၁၀၀၀ကိုမူ အခြားလုပ်ငန်းဌာနခွဲများတွင် လျှော့ချမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။ **(အင်တာနက်)**

ဆွစ်ဇာလန်နိုင်ငံအလယ်ပိုင်း ကန်းစ်မြို့တွင် ဆီးနှင်းများ ထူထပ်စွာကျဆင်းလျက်ရှိသည်ကို ဇန်နဝါရီ ၁၆ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အင်ဒိုနီးရှား၌ အာဟာရချို့တဲ့မှုနှင့် ရင်ဆိုင်နေရ သီတင်းပတ်သုံးပတ်အတွင်း ကလေးငယ် ၁၁ ဦးသေဆုံး

ဂျကာတာ ဇန်နဝါရီ ၁၆

အင်ဒိုနီးရှားနိုင်ငံ နူဆာတင်ဂါအော့ဖ်ပြည်နယ် အရှေ့ပိုင်းကူပန်မြို့တွင် ပြီးခဲ့သည့် သီတင်းပတ်သုံးပတ်အတွင်းက အာဟာရချို့တဲ့မှုကြောင့် ကလေးငယ် ၁၁ဦးသေဆုံးခဲ့ကြောင်း ဂျကာတာပို့စ်သတင်းစာက ဇန်နဝါရီ ၁၆ရက်၌ သတင်းထုတ်ပြန်သည်။

ဖော်ပြ

ပြီးခဲ့သည့် ဇန်နဝါရီ ၁၂ရက်က ကူပန်မြို့ရှိ ဒဗလျူဇက်အိုဟာန်နက်စ် အထွေထွေဆေးရုံကြီးတွင် နောက်ဆုံးသေဆုံးခဲ့သောကလေးနှစ်ဦးမှာ မတ်တပ်ပြေးကာစ ကလေးများဖြစ်ကြကြောင်း၊ ဆေးဝါးကုသနေစဉ်မှာပင် ခန္ဓာကိုယ်မှအရည်ခန်းခြောက်ကာ သေဆုံးခဲ့ကြခြင်းဖြစ်ကြောင်း ယင်းသတင်းတွင် ဖော်ပြသည်။

ပြောကြား

ကြီးထွားလာသော အာဟာရချို့တဲ့မှုပြဿနာကို ဖြေရှင်းရန် ရန်ပုံငွေရရှိရေးကို ကြိုးပမ်းသည့်အနေဖြင့် ပြည်နယ်စီမံခန့်ခွဲရေးဌာနသည် အင်ဒိုနီးရှားဗဟိုအစိုးရထံသို့ အမေရိကန်ဒေါ်လာ ၅ ဒသမ ၁၃ သန်း အကူအညီတောင်းသည့် အဆိုပြုလွှာပေးပို့ထားကြောင်း နူဆာတင်ဂါအော့ဖ်အရှေ့ပိုင်း ကျန်းမာရေးဌာနမှ အကြီးအကဲ မက်ခ်ဆီတာအိုပန်က ပြောကြားခဲ့သည်။

(အင်တာနက်)

ပြီးခဲ့သည့်နှစ် ဒီဇင်ဘာက ဩစတြေးလျ၌ အလုပ်သမားလျှော့ချ အလုပ်သမား ၄၀၀၀၀နီးပါး အလုပ်လက်မဲ့ဖြစ်

ဆစ်ဒနီ ဇန်နဝါရီ ၁၆

ဩစတြေးလျနိုင်ငံ၌ ပြီးခဲ့သည့် ၂၀၀၈ခုနှစ် ဒီဇင်ဘာလအတွင်းက အချိန်ပြည့် အလုပ်သမားပေါင်း ၄၃၉၀၀ လျှော့ချခဲ့သဖြင့် အလုပ်သမားဦးရေမှာ ၇ဒသမ ၆၄၀သန်းသို့ လျှော့ကျသွားခဲ့သည်။ ဩစတြေးလျနိုင်ငံ၏ လအလိုက် အလုပ်လက်မဲ့နှုန်းအရ ဒီဇင်ဘာလတွင် ၄ဒသမ၅ရာခိုင်နှုန်းရှိရာ နိုဝင်ဘာလက အလုပ်လက်မဲ့နှုန်း ၄ဒသမ၄ရာခိုင်နှုန်းနှင့် နှိုင်းစာလျှင် များစွာပြောင်းလဲမှုမရှိကြောင်း ဩစတြေးလျစာရင်းအင်းဌာန၏ စာရင်းဇယား၌ ဖော်ပြသည်။

ယခုနှစ် ဇန်နဝါရီလတွင် အချိန်ပြည့်အလုပ်လုပ်သူဦးရေ ၁၂၀၀သာလျှော့ချခဲ့ရာ အချိန်ပြည့်အလုပ်လုပ်သူဦးရေ ၁၀ ဒသမ၇၄၂သန်းရှိပြီး အချိန်ပိုင်းအလုပ်လုပ်သူမှာမူ ၄၂၈၀၀လျှော့ကျသွားခဲ့သဖြင့် အချိန်ပိုင်းအလုပ်လုပ်သူဦးရေပေါင်း ၃ဒသမ ၁၀၂သန်းသို့ ရောက်ရှိသွားခဲ့ကြောင်း သိရသည်။ ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလက အလုပ်သမားများ အလုပ်ပါဝင်လုပ်ကိုင်မှုနှုန်းမှာ ၆၅ဒသမ၀ရာခိုင်နှုန်းရှိပြီး ၆၅ ဒသမ၁ရာခိုင်နှုန်းရှိသော နိုဝင်ဘာလနှင့် နှိုင်းယှဉ်လျှင် များစွာပြောင်းလဲမှုမရှိဟု ဆိုသည်။

လာမည့်လတွင် အလုပ်သမားအင်အား ၂၀၀၀၀လျှော့သွားနိုင်ပြီး အလုပ်လက်မဲ့နှုန်း ၄ဒသမ၅ရာခိုင်နှုန်းရှိကာ အလုပ်သမားပါဝင်လုပ်ကိုင်မှုနှုန်းမှာ ၆၅ဒသမ၀ရာခိုင်နှုန်း၌ ရပ်တည်မည်ဟု စီးပွားရေးပညာရှင်များက မျှော်မှန်းထားသည်ဟု သတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

တောင်ကိုရီးယား၌ စားသောက်ဆိုင်မီးလောင် ရှစ်ဦးသေဆုံး အချို့ဒဏ်ရာရရှိ

ဆိုးလ် ဇန်နဝါရီ ၁၆

တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့တွင် စားသောက်ဆိုင်တစ်ဆိုင် မီးလောင်မှုဖြစ်ပွားရာ ရှစ်ဦးသေဆုံးပြီး အချို့ဒဏ်ရာရရှိခဲ့ကြောင်း တောင်ကိုရီးယားရဲတပ်ဖွဲ့က ပြောကြားသည်။

မီးလောင်မှုဖြစ်ပွားသည့်နေရာမှာ ဘူဆန်မြို့တောင်ပိုင်း ယောင်ဒိုခရိုင်ရှိ စားသောက်ဆိုင်ဖြစ်ပြီး ညသန်းခေါင်အချိန်၌ မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ မီးလောင်မှုမည်သို့ဖြစ်ပွားရသည်ကို စုံစမ်းလျက်ရှိသည်။

သေဆုံး

ယခုမီးလောင်မှုမှာ တောင်ကိုရီးယားနိုင်ငံ၌ နှစ်လအတွင်း ဒုတိယမြောက် မီးလောင်ခြင်းဖြစ်သည်။ ပထမအကြိမ် မီးလောင်မှုမှာ ဆိုးလ်မြို့တောင်ဘက် ကီလိုမီတာ ၆၀ခန့်အကွာ အင်ချွမ်မြို့ရှိ ကုန်လှောင်ရုံ၌ မီးလောင်ခြင်းဖြစ်ရာ ခြောက်ဦးသေဆုံးခဲ့သည်။ **(အင်တာနက်)**

ဂါဇာကမ်းမြောင်ဒေသအား အစ္စရေးတို့၏ လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော အဆောက်အအုံတစ်လုံးကို ဇန်နဝါရီ ၁၅ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ပင်လယ်ပြင်၌ နစ်မြုပ်ခဲ့သည့် အင်ဒိုနီးရှားသင်္ဘော ခရီးသည် ပိုမိုတင်ဆောင်ခုတ်မောင်းခဲ့ဟုဆို

ဂျကာတာ ဇန်နဝါရီ ၁၆

အင်ဒိုနီးရှားနိုင်ငံတွင် ဇန်နဝါရီ ၁၀ရက်က ဆူလာဝေစီကျွန်းမှ ဘော်နီယိုကျွန်းသို့ ခုတ်မောင်းစဉ် နစ်မြုပ်ခဲ့သော ကူးတို့သင်္ဘောသည် တင်ဆောင်နိုင်သည့်ခရီးသည် ဦးရေထက် ၁၀၃ဦး ပိုမိုတင်ဆောင်ခုတ်မောင်းခဲ့သည်ဟု ဆိုသည်။

လျှို့ဝှက်တင်ဆောင်

သင်္ဘောတွင် အမှန်တကယ်ပြထားသော ခရီးသည်မှာ ၂၅၀ဖြစ်ပြီး သင်္ဘောသားအဖွဲ့မှာ ၁၇ဦးဖြစ်သဖြင့် စာရင်းအရ ၂၆၇ဦးသာပါသော်လည်း ၁၀၃ဦး လျှို့ဝှက်တင်ဆောင်ခဲ့သောကြောင့် သင်္ဘောပေါ်တွင် စုစုပေါင်း ၃၇၀လိုက်ပါခဲ့သည်ဟု ဆိုသည်။

ကယ်ဆယ်နိုင်

ယင်းကူးတို့သင်္ဘော မတော်တဆမှုတွင် ၃၅ဦးကိုသာ အသက်ရှင်လျက် ကယ်ဆယ်နိုင်ခဲ့ပြီး ၃၃၀သေဆုံးခဲ့ကြောင်း သိရသည်။ (အင်တာနက်)

မိုနာကိုနိုင်ငံတွင် ကျင်းပလျက်ရှိသည့် (၃၃)ကြိမ်မြောက် မွန်တီကာလို နိုင်ငံတကာဆပ်ကပ်ပြပွဲ ဖွင့်ပွဲအခမ်းအနားတွင် ကားလ်ဖာဒီနန်ထရန့်ခ်ဆိုသူက ၎င်း၏ဆိတ်အား တိုင်တိုလေးများ၏ထိပ်၌ လမ်းလျှောက်ခိုင်းနေသည်ကို ဇန်နဝါရီ ၁၅ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အာဖဂန်၌ သေဆုံးသည့် ဗြိတိသျှတပ်ဖွဲ့ဝင် စုစုပေါင်း ၁၄၁ဦးရှိပြီ

ကဘူးလ် ဇန်နဝါရီ ၁၆

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း၌ ပေါက်ကွဲမှုဖြစ်ပွားသဖြင့် ဗြိတိသျှတပ်ဖွဲ့ဝင် နှစ်ဦး သေဆုံးကြောင်း ဇန်နဝါရီ ၁၆ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

အဆိုပါဖြစ်ရပ်သည် ပါကစ္စတန်နိုင်ငံ ဟယ်လ်မန့်ပြည်နယ် ဂီရက်ချ်မြို့ အရှေ့မြောက်ဘက်တွင် တာလီဘန်တို့အား ထိုးစစ်ဆင်တိုက်ခိုက်စဉ် ဇန်နဝါရီ ၁၄ရက် နှောင်းပိုင်းက ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန် အပေါင်းပါတပ်ဖွဲ့ဝင်များ စတင်ကျူးကျော်ဝင်ရောက်ခဲ့သည့် ၂၀၀၁ခုနှစ် မတ်လကတည်းက ယင်းနိုင်ငံတွင်သေဆုံးခဲ့သည့် ဗြိတိသျှတပ်ဖွဲ့ဝင်ဦးရေမှာ ၁၄၁ဦးရှိသွားပြီဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မြောက်ဘက် ကယ်ကွတ်မြို့တွင် မော်တာကျည်ဆန်ထိမှန်မှုကြောင့် ဒဏ်ရာရရှိသွားသူ ကလေးတစ်ဦးဆေးရုံ၌ ဆေးကုသမှုခံယူနေရသည်ကို ဇန်နဝါရီ ၁၅ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ကိုရီးယား ဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ ....

သတင်းအက်ဆေး

ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံသည် အရှေ့အာရှမြောက်ပိုင်းဒေသတွင် တည်ရှိသည်။ ဤနိုင်ငံသည် ဆယ်စုနှစ်ပေါင်းများစွာကပင် ကမ္ဘာပေါ်၌ အသိသိပ်ဆုံးသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ထို့ပြင် ယခုတိုင် ကွန်မြူနစ်အစိုးရလက်အောက်တွင် ရှိနေသေးသည့် နိုင်ငံအနည်းငယ်၌ ဤနိုင်ငံပါဝင်သည်။

ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးပြီးနောက် ၁၉၄၈ခုနှစ်တွင် ဤနိုင်ငံ ပေါ်ပေါက်လာခဲ့သည်။ ဤနိုင်ငံ၏သမိုင်းတွင် နိုင်ငံကို ခေါင်းဆောင်ကြီးကင်အီဆွန်းက ကြီးစိုးခြယ်လှယ်ကာ နိုင်ငံရေးပုံစံချခဲ့သည်။ ကိုရီးယားစစ်ပွဲအပြီးတွင် ကင်အီဆွန်းက ဂျူချေးခေါ် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ရေး သဘောတရားကို ချမှတ်ကျင့်သုံးသည်။

ကြေညာ

၁၉၄၅ ခုနှစ်တွင် ဆိုဗီယက်တပ်များ သိမ်းပိုက်လိုက်သောအခါ ဒုတိယကမ္ဘာစစ်ကြီးအပြီး ဂျပန်တို့သိမ်းယူမှု အဆုံးသတ်သွားသည်။ ထိုအခါ တောင်ပိုင်းကို အမေရိကန်တပ်များက သိမ်းပိုက်လိုက်သည်။ ၁၉၄၆ခုနှစ်တွင် မြောက်ကိုရီးယားကွန်မြူနစ်ပါတီ(ကေဒဗလျူပီ)ကို ထူထောင်သည်။ ကင်အီဆွန်းအပါအဝင် ဆိုဗီယက်ထောက်ခံသည့် ခေါင်းဆောင်များကို နေရာပေးလိုက်သည်။ ၁၉၄၈ခုနှစ်တွင် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံအဖြစ် ကြေညာလိုက်သည်။

စစ်ပွဲဖြစ်ပွား

၁၉၅၀ပြည့်နှစ်တွင် တောင်ကိုရီးယားက လွတ်လပ်ရေးကြေညာသည်။ ထိုအချိန်မှစ၍ တောင်နှင့်မြောက်ကိုရီးယား စစ်ပွဲဖြစ်ပွားသည်။ လူနှစ်သန်း အသက်ဆုံးရှုံးခဲ့သည်။ ၁၉၅၃ခုနှစ်တွင် စစ်ဆိုင်းရန် သဘောတူညီချက်ဖြင့် စစ်ပွဲပြီးဆုံးသွားသည်။ ၁၉၆၉ခုနှစ်တွင် အမေရိကန်ထောက်လှမ်းရေးလေယာဉ်ကို ပစ်ချခဲ့သည်။

သဘောတူ

၁၉၉၁ခုနှစ်တွင် တောင်ကိုရီးယားနိုင်ငံရော ဤနိုင်ငံပါ ကုလသမဂ္ဂသို့ ဝင်ကြသည်။ ၁၉၉၂ခုနှစ်တွင် နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ(အိုင်အေအီးအေ) အား ဤနိုင်ငံ၏ နျူကလီးယားအစီအစဉ်ကို စစ်ဆေးခွင့်ပြုသည်။ သို့သော် နှစ်နှစ်အကြာတွင် ခွင့်မပြုတော့ပေ။ ၁၉၉၅ခုနှစ်တွင် ဤနိုင်ငံသို့ ခေတ်မီနျူကလီးယားဓာတ်ပေါင်းဖိုနှစ်ခု ကူညီရန် အမေရိကန်က သဘောတူခဲ့သည်။

တင်းမာမှုကြီးထွား

၁၉၉၄ခုနှစ်တွင် ခေါင်းဆောင်ကြီး ကင်အီဆွန်းကွယ်လွန်သောအခါ သားဖြစ်သူ ကင်ဂျုံအီလ် နိုင်ငံခေါင်းဆောင်အဖြစ် ဆက်ခံသည်။ ၂၀၀၀ပြည့်နှစ်တွင် ကင်ဂျုံအီလ်နှင့် တောင်ကိုရီးယားသမ္မတ ကင်ဒေးဂျုန်တို့ ထိပ်သီးချင်းတွေ့ဆုံသည်။ တောင်နှင့်မြောက်ကိုရီးယားတွင် နေထိုင်သည့် ဆွေမျိုးသားချင်းများ ပြန်လည်တွေ့ဆုံခွင့်ရကြသည်။ ၂၀၀၁ခုနှစ် ဩဂုတ်လတွင် ကင်ဂျုံအီလ် မော်စကိုသို့ ပထမအကြိမ် အလည်အပတ်လာရောက်သည်။ ၂၀၀၂ခုနှစ် စက်တင်ဘာလတွင် ဤနိုင်ငံသို့ ဂျပန်ဝန်ကြီးချုပ် ကိုအိဇုမိ လာရောက်သည်။ ယင်းနှစ်ကုန်ပိုင်းတွင် နျူကလီးယားဆိုင်ရာ တင်းမာမှုကြီးထွားလာသည်။

နုတ်ထွက်

ယုံဗျုန်ဓာတ်ပေါင်းဖို ပြန်လည်ခလုတ်ဖွင့်ပြီး အိုင်အေအီးအေ စစ်ဆေးရေးမှူးများကို မောင်းထုတ်သည်။ ၂၀၀၃ ခုနှစ် ဇန်နဝါရီလတွင်ဤနိုင်ငံက နျူကလီးယားမပြန့်ပွားရေး စာချုပ်(အင်န်ပီတီ)မှ နုတ်ထွက်သည်။

ဆွေးနွေးပွဲများကျင်းပ

၂၀၀၃ ခုနှစ် ဧပြီလတွင် နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ ပေကျင်း၌ အမေရိကန်၊ တရုတ်နှင့် ဤနိုင်ငံကိုယ်စားလှယ်များ ဆွေးနွေးသည်။ ထိုနှစ် ဩဂုတ်လတွင် ပေကျင်း၌ပင် ထိုကိစ္စအတွက် ခြောက်နိုင်ငံဆွေးနွေးသည်။ ၂၀၀၄ ခုနှစ် ဖွေန်လတွင် တတိယအကြိမ် ခြောက်နိုင်ငံဆွေးနွေးပွဲ၊ ၂၀၀၅ ခုနှစ် စက်တင်ဘာလ၌ စတုတ္ထအကြိမ် ခြောက်နိုင်ငံ ဆွေးနွေးပွဲများကျင်းပခဲ့သည်။

ပထမဆုံးတွေ့ဆုံ

၂၀၀၆ ခုနှစ် အောက်တိုဘာလတွင် ဤနိုင်ငံက နျူကလီးယားလက်နက် ပထမဆုံးအကြိမ် စမ်းသပ်ကြောင်း ကြေညာသည်။ ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလတွင် ပေကျင်း၌ ခြောက်နိုင်ငံ ဆွေးနွေးပွဲကျင်းပသည်။ ထိုနှစ် ဇူလိုင်လတွင် ယုံဗျုန်ဓာတ်ပေါင်းဖိုပိတ်လိုက်ပြီဖြစ်ကြောင်း အိုင်အေအီးအေ စစ်ဆေးရေးမှူးများက အတည်ပြုသည်။ ထိုနှစ် ဩဂုတ်လတွင် ရေလွှမ်းခံရပြီးနောက် အကူအညီပေးကြရန် မေတ္တာရပ်ခံသည်။ ထိုနှစ် အောက်တိုဘာလတွင် နျူကလီးယားစက်ရုံ သုံးရုံဖျက်သိမ်းရန် အာမခံသည်။ ထိုနှစ် နိုဝင်ဘာလတွင် ၁၅ နှစ်အတွင်း တောင်နှင့်မြောက် ကိုရီးယားနှစ်နိုင်ငံ ဝန်ကြီးချုပ်များ ပထမဆုံး တွေ့ဆုံကြသည်။

စစ်ဆေးခွင့်ပေး

၂၀၀၈ ခုနှစ် အောက်တိုဘာလတွင် အကြမ်းဖက်မှုအားပေးသည့် နိုင်ငံများစာရင်းမှ ဤနိုင်ငံကို အမေရိကန်နိုင်ငံက ဖယ်ရှားလိုက်သည်။ ဤနိုင်ငံအစိုးရကလည်း နျူကလီးယားစက်ရုံများကို ဝင်ရောက်စစ်ဆေးခွင့်ပေးခဲ့သည်။

၂၀၀၈ ခုနှစ် ဒီဇင်ဘာလတွင် ဤနိုင်ငံသို့ စွမ်းအင်အကူအညီပေးမှု ရပ်ဆိုင်းရန် အမေရိကန်က ဆုံးဖြတ်လိုက်ခြင်းကို တုံ့ပြန်သည့်အနေဖြင့် ဤနိုင်ငံက နျူကလီးယားအစီအစဉ်ဖျက်သိမ်းရေးကို အရှိန်လျှော့မည်ဟု ကြေညာခဲ့သည်။ ။

ကိုးကား-အင်တာနက်

တိုး ရေးသားသည်

ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံသည် အရှေ့အာရှမြောက်ပိုင်းဒေသတွင်တည်ရှိ၊ ဤနိုင်ငံသည် ဆယ်စုနှစ်ပေါင်းများစွာကပင် ကမ္ဘာပေါ်၌ အသိသိပ်ဆုံးသော နိုင်ငံတစ်နိုင်ငံဖြစ်၊ ထို့ပြင် ယခုတိုင် ကွန်မြူနစ်အစိုးရ လက်အောက်တွင် ရှိနေသေးသည့် နိုင်ငံအနည်းငယ်၌ ဤနိုင်ငံပါဝင်။

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့အရှည်ဆုံးပေါင်မုန့်

မက္ကဆီကိုနိုင်ငံ မက္ကဆီကိုစီးတီး မြို့တွင် ပေါင်မုန့်ဖုတ်သမားငါးဦးတို့က အရှည်တစ်မိုင်ခန့်ရှိပြီး အလေးချိန်ကီလို ဂရမ် ၁၀၀၀၀ရှိသော ပေါင်မုန့်ကြီးတစ်လုံး **(ဝဲပုံ)** ကိုပြုလုပ်ခဲ့ရာ ယင်းပေါင်မုန့်သည် ကမ္ဘာပေါ်၌ အရှည်ဆုံးပေါင်မုန့်အဖြစ် ဂင်းနက်စ် မှတ်တမ်းဝင်ခဲ့သည်။ **(အင်တာနက်ဓာတ်ပုံ)**

ဝါးဖြင့် ကားကိုယ်ထည် တည်ဆောက်စီးနင်း

ဂျပန်နိုင်ငံ တိုကျိုမြို့၌ မကြာမီက ခင်းကျင်းပြသခဲ့သော ကားပြပွဲတစ်ခုတွင် ကားကိုယ်ထည်ကို ဝါးများဖြင့်တည်ဆောက်သော လူတစ်ဦးသာ စီးနင်းနိုင်သည့် မော်တော်ယာဉ်တစ်စီးကို မောင်းနှင်ပြသခဲ့ရာ ကမ္ဘာပေါ်၌ ဝါးဖြင့် ကားကိုယ်ထည် ပြုလုပ်သည့် ပထမဆုံး မော်တော်ယာဉ်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ) (အင်တာနက်ဓာတ်ပုံ)

ကြက်သွန်ဖြူသည် ကင်ဆာဆဲလ် မပြန့်ပွားစေရန် အနည်းငယ်မျှသာ ဟန့်တားနိုင်ဟုဆို

အင်တာနက် ကျန်းမာရေး

ကြက်သွန်ဖြူသည် ကင်ဆာရောဂါဖြစ်ပွားမှုကို အနည်းငယ်သာ ဟန့်တားနိုင်ကြောင်း တောင်ကိုရီးယား သုတေသနပညာရှင်များက ၎င်းတို့၏သုတေသနပြုတွေ့ရှိချက်ကို ထုတ်ဖော်ပြောကြားလိုက်သည်။

ကြိုတင်ကာကွယ်နိုင်

ကြက်သွန်ဖြူနှင့်ပတ်သက်ပြီး ယခင်သုတေသနပြုချက်များအရ ကင်ဆာနှင့်အခြားသောရောဂါများဖြစ်ပွားမှုကို သက်သာလျော့ပါးစေကြောင်း၊ ကင်ဆာရောဂါဖြစ်ပွားမှုကို ကြိုတင်ကာကွယ်နိုင်ကြောင်း ဖော်ပြခဲ့သည်။

အနည်းငယ်သာထိရောက်မှုရှိ

သို့သော် တောင်ကိုရီးယား သုတေသနပညာရှင်များ၏ လေ့လာချက်အရ ကြက်သွန်ဖြူသည် ကင်ဆာဆဲလ်များကို ထိန်းချုပ်ရာတွင် အနည်းငယ်သာ ထိရောက်မှုရှိကြောင်း တွေ့ရှိရပြီး သိသာသော တိုက်ဖျက်နိုင်စွမ်းမရှိကြောင်း သိရသည်။

တိုက်ဖျက်နိုင်

သို့သော် ကြက်သွန်ဖြူမှာ သွေးပေါင်ချိန်မြင့်တက်မှုကို လျော့နည်းကျဆင်းစေပြီး ရောဂါဖြစ်စေမည့် ဗက်တီးရီးယားပိုးများကိုတိုက်ဖျက်စေနိုင်ကြောင်း တောင်ကိုရီးယား ဆေးသုတေသနပညာရှင်များက ပြောကြားသည်။

အနည်းငယ်သာအကျိုးပြု

သုတေသနပြုချက်အရ ကြက်သွန်ဖြူတွင် ပါဝင်သောဓာတ်များက အစာအိမ်ကင်ဆာ၊ ရင်သားကင်ဆာနှင့် အဆုတ်ကင်ဆာတို့ကို အနည်းငယ်မျှသာ အကာအကွယ်ပေးနိုင်ကြောင်း သိရသည်။

(အင်တာနက်)

အာကာသသိပ္ပံ

ဖန်ယန်-၃အေ ဂြိုဟ်တုမှ သတင်းအချက်အလက်များပေးပို့

တရုတ်နိုင်ငံမှ မကြာမီကလွှတ်တင်ထားသော ရာသီဥတုဆိုင်ရာ အချက်အလက်များကို လေ့လာနိုင်သည့် ဖန်ယန်-၃အေ ဂြိုဟ်တု**(ယာပုံ)**မှ မြေပြင်စခန်းသို့ သတင်းအချက်အလက်များ ပြန်လည်ပေးပို့ခဲ့ကြောင်း တရုတ်အမျိုးသားအာကာသရေးရာ စီမံခန့်ခွဲရေးဌာန(စင်နှာ)က ပြောကြားသည်။



ပေးပို့နိုင်

ဖန်ယန်-၃အေ ဂြိုဟ်တုသည် တရုတ်နိုင်ငံ၏ နောက်ဆုံးထုတ်လုပ်လိုက်သော မျိုးဆက်သစ်ဂြိုဟ်တုတစ်လုံးဖြစ်ပြီး ရာသီဥတုဆိုင်ရာ သတင်းအချက်များကို ဓာတ်ပုံများနှင့်တကွ ပေးပို့နိုင်သည်။

အမှန်ကန်ဆုံး သုံးသပ်

ယခင်က ဖန်ယန်-၃အေဂြိုဟ်တုအများအပြားကို တရုတ်တို့က ထုတ်လုပ်ခဲ့ပြီးဖြစ်ရာ ယခု ဖန်ယန်-၃အေဂြိုဟ်တုမှာ မျိုးဆက်သစ်ဂြိုဟ်တုတစ်လုံးပင်ဖြစ်သည်။ ယခုပေးပို့လိုက်သော ဂြိုဟ်တုဓာတ်ပုံများအရ လေထုဖိအားအပြောင်းအလဲ၊ မုန်တိုင်းဖြစ်ပေါ်နိုင်မှုအခြေအနေ၊ အပူလှိုင်း၊ အအေးလှိုင်းများ ကျရောက်နိုင်မှုများကို သတင်းအချက်အလက်နှင့် ဓာတ်ပုံများပါ ပေးပို့သဖြင့် ရာသီဥတုပြောင်းလဲမှုအပေါ် အမှန်ကန်ဆုံး သုံးသပ်ဆုံးဖြတ်နိုင်မည်ဟု သိရသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ
တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း



စက်မှု(၁)ဝန်ကြီး ဦးအောင်သောင်းအား အိန္ဒိယသမ္မတနိုင်ငံမှ ကုန်သွယ်ရေးကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၆

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံးမှ အတွင်းဝန်နှင့် အိန္ဒိယသမ္မတနိုင်ငံ Indo Myanmar Chamber of Commerce & Industries မှ ကုန်သွယ်ရေးကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၁၃ရက် နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာနဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ စက်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ) (သတင်းစဉ်)**

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက် (၅) ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။

၂။ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက် ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး။

၄။ တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက် ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ရေး။

၅။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စု တိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

ဟိုတယ်/ခရီး ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် ဧရာဝတီတိုင်း အမာမြို့တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၆

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်သည် ဇန်နဝါရီ ၁၀ရက် နံနက်ပိုင်းက ဖျာပုံ-ကဒုံကဒွန်း-အမာကားလမ်းရှိ မြို့ကုန်းတံတားကွဲခိုင်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးရာ ဖျာပုံခရိုင် ပြည်သူ့ဆောက်လုပ်ရေး အင်ဂျင်နီယာမှူး ဦးတင်အေးကြည်က တံတားပြင်ဆင်ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပေးအပ်

ထို့နောက် ဝန်ကြီးသည် အမာမြို့ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ်မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံပြီး ပြည်သူများအတွက် အစားအသောက်၊ လူသုံးကုန်နှင့် စိုက်ပျိုးရေးမျိုးစေ့ထုပ်များကိုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် အမာမြို့ အခြေခံပညာအထက်တန်းကျောင်း၌ မုန်တိုင်းဒဏ်ကြောင့် ပြိုကျသွားသည့် ကျောင်းဆောင် ပြန်လည်ဆောက်လုပ်နေမှုနှင့် Cyclone Shelter တည်ဆောက်မည့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် ဘဝသစ်(၂)ရွာ အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်ရန် မြေနေရာနှင့် ဘဝသစ်(၃)ရွာ အခြေခံပညာ မူလတန်း(လွန်)ကျောင်း ကျောင်းဆောင်သစ်တည်ဆောက်မည့် မြေနေရာတို့ကို ကြည့်ရှုပြီး ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ ကျေးရွာပြည်သူများအား အဝတ်အထည်နှင့် စားသောက်ကုန်များ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီးသည် ဆိပ်မကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ခန်းမ၌ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ ဒေါ်ညိမ်းကျေးရွာ၌ Cyclone Shelter တည်ဆောက်မည့် ပုံစံနှင့် IOM မှ လှူဒါန်းသည့် ကျေးလက်ဆေးပေးခန်း အဆောက်အအုံတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

ထို့နောက် ဝန်ကြီးသည် မြို့ကုန်းကျေးရွာနှင့် ဒေါ်ညိမ်းကျေးရွာလမ်း တာပေါင်မြှင့် လုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးကာ မြို့ကုန်းကျေးရွာ၌ ကျေးရွာပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အစားအသောက်နှင့် အဝတ်အထည်များကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မူးယစ်ကင်းစင် အလှဆင်

ပဲခူးတိုင်း(အနောက်ပိုင်း)၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းအတွင်းရှိ စီမံကိန်းဦးစီးရုံးများ စီမံကိန်း/စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး ဦးစိုးသာ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၆

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာသည် ဇန်နဝါရီ ၁၂ရက်က သာယာဝတီခရိုင် စီမံကိန်းဦးစီးရုံးသို့ရောက်ရှိပြီး ပဲခူးတိုင်း(အနောက်ပိုင်း) စီမံကိန်းရုံးတာဝန်ခံ၊ သာယာဝတီခရိုင် စီမံကိန်းဦးစီးရုံး တာဝန်ခံနှင့် ခရိုင်အတွင်းရှိ သာယာဝတီ၊ လက်ပံတန်း၊ မင်းလှ၊ မိုးညို၊ အုတ်ဖို၊ ကြို့ပင်ကောက်၊ ဇီးကုန်းနှင့် နတ်တလင်းမြို့နယ်များမှ စီမံကိန်းရုံးတာဝန်ခံများနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ လုပ်ငန်းအစီအမံများကို မှာကြားပြီး ဇီးကုန်းနှင့် နတ်တလင်းမြို့နယ်များရှိ စီမံကိန်းဦးစီးရုံးများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

တွေ့ဆုံ

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ပြည်မြို့ရှိ ပဲခူးတိုင်း (အနောက်ပိုင်း) စီမံကိန်းဦးစီးရုံးသို့ ရောက်ရှိပြီး စီမံကိန်းရုံးတာဝန်ခံနှင့် ပြည်၊ ပေါက်ခေါင်း၊ ပန်းတောင်း၊ ရွှေတောင်၊ သဲကုန်းနှင့် ပေါင်းတည်မြို့နယ်များမှ စီမံကိန်းဦးစီးရုံးတာဝန်ခံများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

မှာကြား

ထိုမှတစ်ဆင့် ဝန်ကြီးသည် မကွေးတိုင်း အောင်လံမြို့နယ် စီမံကိန်းဦးစီးရုံးသို့ ရောက်ရှိပြီး သရက်ခရိုင် စီမံကိန်းဦးစီးရုံး တာဝန်ခံနှင့် ခရိုင်အတွင်းရှိ ဆင်ပေါင်ဝဲ၊ မင်းလှ၊ မင်းတုန်း၊ ကံမ၊ သရက်နှင့် အောင်လံမြို့နယ်များမှ စီမံကိန်းဦးစီးမှူးများနှင့် ဝန်ထမ်းများအား တွေ့ဆုံပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ဝန်ကြီးသည် ဇန်နဝါရီ ၁၃ရက် နံနက်ပိုင်းတွင် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့်အတူ မကွေးတိုင်း စီမံကိန်းဦးစီးရုံးသို့ သွားရောက်၍ မကွေးတိုင်းအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ်များမှ စီမံကိန်း ဦးစီးရုံးဝန်ထမ်းများအား တွေ့ဆုံမှာကြားသည်။

ဆက်လက်၍ မကွေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက တင်ပြချက်များနှင့် စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ပွင့်ဖြူ၊ စလင်း၊ ဆိပ်ဖြူနှင့် ချောက်မြို့နယ် စီမံကိန်းဦးစီးရုံးများသို့ သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် ဇန်နဝါရီ ၁၄ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း ညောင်ဦးခရိုင် စီမံကိန်းဦးစီးရုံး၌ ခရိုင်စီမံကိန်းဦးစီးရုံးရှိ ဝန်ထမ်းများအားလည်းကောင်း၊ မြင်းခြံခရိုင် စီမံကိန်းဦးစီးရုံး၌ ခရိုင်နှင့် ခရိုင်အတွင်းရှိ မြင်းခြံ၊ တောင်သာ၊ နွားထိုးကြီး၊ ကျောက်ပန်းတောင်းနှင့် ငါန်းဇွန်မြို့နယ်များမှ စီမံကိန်းဦးစီးရုံးတာဝန်ခံများနှင့် ဝန်ထမ်းများအားလည်းကောင်း တွေ့ဆုံပြီး မလှိုင်မြို့နယ် စီမံကိန်းဦးစီးရုံးသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ဝန်ကြီးသည် မိတ္ထီလာခရိုင် စီမံကိန်းဦးစီးရုံး၌ ခရိုင်နှင့် ခရိုင်အတွင်းရှိ မိတ္ထီလာ၊ ဝမ်းတွင်း၊ သာစည်နှင့် မလှိုင်မြို့နယ်များမှ စီမံကိန်းဦးစီးရုံး တာဝန်ခံများအား တွေ့ဆုံပြီး ပျော်ဘွယ်မြို့နယ် စီမံကိန်းဦးစီးရုံးနှင့် ရမည်းသင်းခရိုင် စီမံကိန်းဦးစီးရုံးများသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီးဘေးကြိုတင်ကာကွယ်ရေး ဓာတ်တိုက်လေ့ကျင့်

မန္တလေး ဇန်နဝါရီ ၁၆

မြန်မာ့သစ်လုပ်ငန်း မန္တလေးတိုင်း မန္တလေးဖောင်ဖွဲ့ရေးဒေသ မန္တလေးဖောင်ဖွဲ့ရေးနယ်ရှိ စစ်ကိုင်းသစ်ဆိပ်၌ ဇန်နဝါရီ ၆ရက် နံနက် ၈ နာရီက လက်ထောက် အထွေထွေမန်နေဂျာ ဦးခင်မောင်တင်၊ မြို့နယ် မီးသတ်ဦးစီးအရာရှိနှင့် လက်ထောက်မန်နေဂျာ ဦးမြင့်ဌေး၊ သစ်ဆိပ်တာဝန်ခံများ၊ သစ်ဆိပ်ရှိဝန်ထမ်းများအားလုံးတို့အား မီးဘေးအန္တရာယ်ကြိုတင် ကာကွယ်ထားရှိရန် မီးသတ်ဦးစီးဌာနနှင့်ပူးပေါင်း၍ မီးငြိမ်းသတ်ရေးတို့ကို ဓာတ်တိုက်လေ့ကျင့်ဆောင်ရွက်မှုများ ပြုလုပ်ခဲ့သည်။ **(ဝဲပုံ) (သစ်လုပ်ငန်း)**

အမြို့မြို့ အနယ်နယ် လိုတိုရှင်း သတင်းများ

ကျေးရွာစာကြည့်တိုက်အဆောက်အအုံသစ် နောင်မွန်၌ဖွင့်

ပူတာအိုခရိုင် နောင်မွန်မြို့နယ် ရပ်ဘော့ကျေးရွာအုပ်စုရှိ မှန်ကန်ကျေးရွာတွင် ဖွင့်လှစ်သော မှန်းကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၁၁ နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ ရပ်သံကျွမ်းကျင်(၃) ဦးမယစ်ဖုန်ဆားရ်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးအောင်ရမ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(မြို့နယ် ပြန်/ဆက်)**

ကောလင်း ကျေးလက်ကျောင်းသို့ ဂျာနယ်များလှူဒါန်း

ကောလင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ကကြီးမှူးပြီး ကျေးလက် အခြေခံပညာအလယ်တန်းကျောင်းသို့ ဂျာနယ်များ ပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၁ရက်က ကောလင်းမြို့နယ် ကျောက်ပုထိုးဒေသ အခြေခံပညာအထက်တန်းကျောင်းခွဲ ခန်းမဆောင်၌ ကျင်းပရာ အလှူရှင်များလှူဒါန်းသော ဂျာနယ်များကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြတ်မွန်သို့ လွှဲပြောင်းပေးအပ်သည်။ *(၀၃၂)*

ဟုမ္မလင်း၌ အမျိုးသားကာကွယ်ဆေးတိုက်ကျွေး

အမျိုးသားကာကွယ်ဆေးတိုက်နေ့များ(၂၀၀၉)ဖွင့်ပွဲအခမ်းအနားကို စစ်ကိုင်းတိုင်း ဟုမ္မလင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း သားဖွားဆောင်ရှေ့၌ ဇန်နဝါရီ၁၀ရက် နံနက် ၈နာရီကကျင်းပရာ အခမ်းအနားတွင် တက်ရောက်လာကြသည့် တာဝန်ရှိသူ များက ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးနေမှုများကို အားပေးကြည့်ရှုကြပြီး ကလေးငယ် များအား ကစားစရာပစ္စည်းများပေးအပ်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

တမူး၌ အမျိုးသားကာကွယ်ဆေးတိုက်နေ့များဖွင့်

အမျိုးသားကာကွယ်ဆေးတိုက်နေ့များ(၂၀၀၉)ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၀ရက် နံနက် ၇နာရီက တမူးမြို့ ဈေးတန်းရပ်ကွက်ရုံးရှေ့ကွင်းပြင်၌ ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးကောင်းစံဦးက အမှာစကားပြောကြားပြီး တမူးမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ထွေးက အမျိုးသားကာကွယ်ဆေးတိုက်နေ့များ(၂၀၀၉)နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြောင်း သိရသည်။ *(ခရိုင် ပြန်/ဆက်)*

ညောင်ရွှေ၌ ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်

ရှမ်းပြည်နယ်(တောင်ပိုင်း)ညောင်ရွှေမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ၏ ညွှန်ကြားမှု၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ဒီဇင်ဘာ ၂၀ရက်က ဝန်ထမ်းများနှင့် ပြည်သူများ ရွှေရန်ပြေကျေးလက် လမ်းတစ်လျှောက် ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ကြသည်။ **(၀၂၁)**

ပူတာအို ပြန်/ဆက် လုပ်ငန်းညှိနှိုင်းစည်းဝေး

ပူတာအိုခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်တို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၃၀ရက် မွန်းလွဲ၁နာရီက ပူတာအိုမြို့ ခရိုင်ရုံးခန်းမ၌ကျင်းပရာ ခရိုင်ဦးစီးအရာရှိဦးအောင်သန်းက အမှာစကားပြောကြားပြီး ပူတာအို၊ မချမ်းဘော၊ နောင်မွန်၊ ဆွမ်ပရာဘွမ်၊ ခေါင်လန်ဖူးနှင့် ပန်နန်းဒင်မြို့နယ် ဦးစီးမှူးများက ဖွင့်လှစ်ပြီးကျေးရွာစာကြည့်တိုက်များ သတ်မှတ်စံ(၅)ရပ်နှင့်အညီ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုတင်ပြပြီး ၂၀၀၉ခုနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းများကို ဆွေးနွေးကြသည်။ *(ခရိုင် ပြန်/ဆက်)*

စာပေဟောပြောပွဲ တန့်ဆည်မြို့နယ်၌ကျင်းပ

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် တန့်ဆည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာပေသိုက် စာကြည့်တိုက်ကော်မတီတို့ ပူးပေါင်း၍ စာကြည့်တိုက်(၃)နှစ်ပြည့် အထိမ်းအမှတ် စာပေဟောပြောပွဲကို ဇန်နဝါရီ ၄ရက် ညနေ၆နာရီက တန့်ဆည်မြို့တော်ခန်းမ၌ကျင်းပရာ စာရေးဆရာ ဒါရိုက်တာ ညီစေမင်း၊ စာရေးဆရာမ ညလင်းဖြူ၊ ချောအိမာန်နှင့် စာရေးဆရာ ကံချွန်တို့က စာပေ ရေးရာများ ဟောပြောကြသည်။ **(မြို့နယ် ပြန်/ဆက်)**

လွတ်လပ်ရေးနေ့ဆုပေးပွဲ ခင်ဦး၌ကျင်းပ

ခင်ဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ၄ရက် နံနက်၉နာရီက ကျင်းပရာ စာစီစာကုံးပြိုင်ပွဲဆုများကို မြို့နယ်ပညာရေးမှူး ဦးဝင်းမောင်၊ ကလေးအဝ ပြိုင်ပွဲ မွေးစမှ ၆လအထိ ဆုများကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ဖြူဝင်း၊ ၆လမှ ၁နှစ်အထိ ဆုများကို မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ စမ်းစမ်းမြင့်နှင့် ၁နှစ်မှ ၂နှစ်အထိ ဆုများကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ခင်မေသန်းတို့က ပေးအပ်ချီးမြှင့်ကြသည်။ *(၁၀၂)*

ထီးချိုင့်မြို့နယ်၌ ကလေးပြပွဲပြိုင်ပွဲ ကျင်းပ

ကသာခရိုင် ထီးချိုင့်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကကြီးမှူး ပြီး လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြပွဲပြိုင်ပွဲကို ဇန်နဝါရီ ၂ရက် နံနက် ၁၀နာရီက မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ကျင်းပရာ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းဆိုင်မိုဠမ်နှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် မိခင်များနှင့်ကလေးများ တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ရေစကြို၌ ပညာရေးစုံညီပွဲတော်ကျင်းပ

မကွေးတိုင်း ရေစကြိုမြို့နယ် ပညာရေးစုံညီပွဲတော်အခမ်းအနားကို ဇန်နဝါရီ ၃ရက် နံနက်၉နာရီက အထက(၁)မြတ်မာခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးမြင့်ငွေနှင့် မြို့နယ်ပညာရေးမှူးဦးဝင်းမြင့်တို့က အမှာစကားပြောကြားပြီး ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ လေးဘာသာဂုဏ်ထူးရှင်တစ်ဦးနှင့် မြို့နယ်အဆင့်ပညာရည်ချွန်ဆုရ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။ *(မြို့နယ် ပြန်/ဆက်)*

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ရဲနွယ်ရေလွှဲဆည် ရေထိန်းတံခါးများကို ကြည့်ရှုစစ်ဆေးစဉ်။ (လယ်/ဆည်)

ကျောက်တံခါးမြို့နယ် ရဲနွယ်ရေလွှဲဆည် တည်ဆောက်ရေးလုပ်ငန်းခွင် လယ်ယာ/ဆည်မြောင်း ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဇန်နဝါရီ ၁၄ရက် ညနေပိုင်းက ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် ဆီဆုံကုန်းကျေးရွာအနီး ရဲနွယ်ချောင်းပေါ်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၁)က တာဝန်ယူတည်ဆောက်လျက်ရှိသည့် ရဲနွယ်ရေလွှဲဆည် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိကာ တည်ဆောက်ပြီးစီးနေပြီဖြစ်သော လက်ဝဲ၊ လက်ယာရေထိန်းတံခါးများ၊ သဲထုတ်ရေတံခါး၊ စက်ယန္တရားကြီးများဖြင့် ရေလျှံထိန်းတာပေါင်မြေဖို့နေမှုနှင့် ရေသောက်စနစ်များဖြစ်သည့် လက်ဝဲ၊ လက်ယာတူးမြောင်းမကြီးများ တူးဖော်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ရဲနွယ်ရေလှောင်တမံမှ ရေအားလျှပ်စစ်ထုတ်လုပ်ပြီး ထွက်ရှိလာသောရေများကို ရဲနွယ်ရေလွှဲဆည်ဖြင့်ထိန်းကာ လက်ဝဲ၊ လက်ယာတူးမြောင်းမကြီးများမှတစ်ဆင့် မြောင်းခွဲများ၊ လက်တံမြောင်းများ၊ လယ်ကြားမြောင်းများဖြင့် စိုက်ပျိုးမြေဧရိယာ ဧကေ၁၁၈၅၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကျောင်းကုန်းမြို့ ဘဝပန်းတိုင်စာကြည့်တိုက် (၂)နှစ်ပြည့်အထိမ်းအမှတ် စာပေပြိုင်ပွဲဆုချီးမြှင့်

ကျောင်းကုန်း ဇန်နဝါရီ ၁၆

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဘဝပန်းတိုင် စာကြည့်တိုက် (၂)နှစ်ပြည့်အထိမ်းအမှတ် စာပေပြိုင်ပွဲ ဆုနှင်းပွဲအခမ်းအနားကို ဇန်နဝါရီ ၃ရက် နံနက် ၇နာရီက ဧရာဝတီတိုင်း ကျောင်းကုန်းမြို့ အမှတ်(၁)ရပ်ကွက်ရှိ အဆိုပါ စာကြည့်တိုက်၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လှိုင်က အမှာစကားပြောကြားပြီး ကဗျာ၊ ဆောင်းပါးဆုကို မြို့နယ်ဥက္ကဋ္ဌကလည်းကောင်း **(ဝဲပုံ)**၊ ပရဟိတဆု၊ ပညာရည်ချွန်ဆု၊ ထူးချွန်ဆု၊ စာကြည့်တိုက်တွင် စာဖတ်အများဆုံးဆု၊ ပတ်ဝန်းကျင်သန့်ရှင်းရေးဆုများကို မြို့နယ်အတွင်းရေးမှူး ဦးအောင်ဝင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာကြည့်တိုက်မှူး ဒေါ်ကျင်သိန်း၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးဌေးဝင်း၊ ရပ်မိရပ်ဖ ဦးသိန်းမောင်နှင့် ဦးဉာဏ်ထွန်းတို့က အသီးသီးပေးအပ်ကြသည်။ (၁၅၄)

ခန္တီးခရိုင်ပြန်/ဆက် စာဖတ်ဝိုင်းဖွဲ့ဆွေးနွေး

ခန္တီး ဇန်နဝါရီ ၁၆

ခန္တီးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ဝန်ထမ်းများ၏ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် မူဝါဒနှင့် လုပ်ငန်းစဉ်များအား စဉ်ဆက်မပြတ်လေ့လာသိရှိစေနိုင်ရေးအတွက် စာဖတ်ဝိုင်းကို ဒီဇင်ဘာ ၁၁ရက် ညနေ ၃နာရီက ခရိုင်ရုံး စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမြင့်သိန်းစိုးက စာဖတ်ဝိုင်းကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ဒေါ်ဒွံစွေ (ရုပ်သံ-၃)က ၂၂-၁၁-၂၀၀၈ ရက်ထုတ် မြန်မာ့အလင်း သတင်းစာမှ(၈၈)နှစ်မြောက် အမျိုးသားနေ့ ဂုဏ်ပြုဆောင်းပါး အစဉ်စောင့်ထိန်းအပ်သော ဝံသာနုရက္ခိတစိတ်ဓာတ်ကို လည်းကောင်း၊ ဒေါ်စံပယ်ဦး (ဓာတ်ပုံ-၂)က ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း(၂၀၀၈)၏ အခန်း(၁)မှ (၅)အထိ၊ ဒေါ်တင်မာဦး (ရုပ်သံ-၃) က အခန်း(၆)မှ (၁၀)အထိ၊ ဒေါ်အေးဆုစံ(ကြီး/ရေး)က အခန်း(၁၁)မှ (၁၅)အထိကိုလည်းကောင်း အသီးသီး ဖတ်ကြားကြသည်။

(ခရိုင် ပြန်/ဆက်)

နမ့်စန်မြို့ ဇောတိကာရုံ နမ့်လတ်ချောင်းကူးတံတားသစ်ဖွင့်

နမ့်စန် ဇန်နဝါရီ ၁၆

လွိုင်လင်ခရိုင် နမ့်စန်မြို့၌ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် အမှတ်(၁)ရပ်ကွက် ဇောတိကာရုံ နမ့်လတ်ချောင်းကူးတံတားသစ် ဖွင့်ပွဲကို ဒီဇင်ဘာ ၃၁ရက် နံနက် ၉နာရီက ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်ဆွေဦးနှင့် အလှူရှင် ဦးစိုင်းမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)** အဆိုပါတံတားမှာ အရှည်ပေ ၆၀၊ အကျယ် ၁၂ပေရှိပြီး သံကူကွန်ကရစ်အမျိုးအစားဖြစ်ကာ ပြည်သူများ ထည့်ဝင်လှူဒါန်းငွေကျပ် ၄၂၈၉၀၀ ဖြင့် အကုန်အကျခံ တည်ဆောက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

* *ရှေ့ဖုံးမှ*

ရှေးဦးစွာ မဟာမင်္ဂလာအခမ်းအနားကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ညှိနှိုင်းဆွေးနွေး

ထို့နောက် ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေးဦးစီးကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက စေတီတော်ကြီး တည်ဆောက်ပြီးစီးမှုနှင့် သတ္တဌာန မူလဌာပနာတော်သွင်း မဟာမင်္ဂလာ၊ အလယ်ဌာပနာတော်သွင်းနှင့် ပန်းလည်တိုင်စိုက်ထူခြင်း မဟာမင်္ဂလာအခမ်းအနား ကျင်းပနိုင်ရေးအတွက် လိုအပ်သည်များကို ညှိနှိုင်းဆွေးနွေးမှာကြားသည်။

ယင်းနောက် စေတီတော်တည်ဆောက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သန်းငွေးက ဥပ္ပါတသန္တိစေတီတော်၏ သတ္တဌာနမူလဌာပနာတော်သွင်း မဟာမင်္ဂလာ အလယ်ဌာပနာတော်သွင်းနှင့် ပန်းလည်တိုင်စိုက်ထူခြင်း မဟာမင်္ဂလာ အခမ်းအနားကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုများ၊ ဆပ်ကော်မတီများ ဖွဲ့စည်းမှုတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က ဥပ္ပါတသန္တိစေတီတော်သတ္တဌာန မူလဌာပနာတော်သွင်း မဟာမင်္ဂလာ၊ အလယ်ဌာပနာတော်သွင်းနှင့် ပန်းလည်တိုင်စိုက်ထူခြင်း မဟာမင်္ဂလာအခမ်းအနား ကျင်းပနိုင်ရေးအတွက် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ ကြိုတင်စီမံဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က ဥပ္ပါတသန္တိ စေတီတော် မူလ၊ အလယ်ဌာပနာတော်သွင်းနှင့် ပန်းလည်တိုင်စိုက်ထူခြင်း မဟာမင်္ဂလာအခမ်းအနားတွင် သာသနာရေးဆိုင်ရာ ဆောင်ရွက်ရန် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က ဥပ္ပါတသန္တိစေတီတော်တည်ဆောက်ရေးအတွက် ဘဏ္ဍာငွေရှာဖွေရေးကော်မတီ၏ ဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

နေပြည်တော်၌ တည်ထားကိုးကွယ်မည့် ဥပ္ပါတသန္တိစေတီတော်တွင် ထည့်သွင်းပူဇော်မည့် ဌာပနာပစ္စည်းများကို တွေ့ရစဉ်။ (သတင်းစဉ်)

နေပြည်တော်၌ တည်ထားကိုးကွယ်မည့် ဥပ္ပါတသန္တိ စေတီတော်တွင် ထည့်သွင်းပူဇော်မည့် ဌာပနာပစ္စည်းများကို တွေ့ရစဉ်။ (သတင်းစဉ်)

နေပြည်တော်၌ တည်ထားကိုးကွယ်မည့် ဥပ္ပါတသန္တိစေတီတော်တွင် ထည့်သွင်းပူဇော်မည့် ဌာပနာပစ္စည်းများကို တွေ့ရစဉ်။ (သတင်းစဉ်)



မြန်မာမှုလုပ်ငန်း

ဆက်လက်၍စေတီတော်တည်ဆောက်ရေးဦးစီးကော်မတီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်ညဏ်ထွန်းက စေတီတော် ရွှေသင်္ကန်းကပ်လှူခြင်းနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဌာနမှူး ဦးလှမြင့်ဆွေက လိုဏ်အတွင်း မြန်မာမှုလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကိုလည်းကောင်း၊ မြန်မာမှုပညာရှင် ဦးအောင်ဇော်က စေတီတော်ပရဝဏ်အတွင်း မြန်မာမှုလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဖြည့်ဆည်းဆောင်ရွက်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ စေတီတော်တည်ဆောက်ရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ အတွင်းရေးမှူး(၁)က လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ယင်းနောက် မဟာမင်္ဂလာအခမ်းအနား ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

နယ်စပ်/စည်ပင် ဝန်ကြီးဌာန
အုန်းပန်းပု သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းအောင်သည် ယနေ့ညနေ ၃ နာရီက ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပသော အိမ်တွင်းမှု လက်မှုလုပ်ငန်း(အုန်းပန်းပု) အမှတ်စဉ်(၁) သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

တက်ရောက်

သင်တန်းဆင်းပွဲသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ နည်းပြများ၊ ဖိတ်ကြားထားသောဧည့်သည်များနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

ထို့နောက် အိမ်တွင်းမှုလက်မှုလုပ်ငန်း(အုန်းပန်းပု)သင်တန်း အမှတ်စဉ်(၁)တွင် စံပြသင်တန်းသူ စံပြဆုရရှိသူ ဒေါ်နီလာဝင်း (လက်ထောက်နည်းပြ၊ ဘားအံအမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း) အား ထူးချွန်ဆုချီးမြှင့်ပြီး သင်တန်းဆင်းအောင်လက်မှတ်ကို ပေးအပ်သည်။

အိမ်တွင်းမှု လက်မှုလုပ်ငန်း (အုန်းပန်းပု)သင်တန်း အမှတ်စဉ်(၁)သို့ အမျိုးသမီး အိမ်တွင်းမှုသက်မွေး လုပ်ငန်း ပညာသင်တန်းကျောင်းများမှ နည်းပြ ၂၀ တက်ရောက်အောင်မြင်ခဲ့ပြီးသင်တန်းကာလမှာ ရက်သတ္တခြောက်ပတ် ကြာမြင့်ခဲ့သည်။

ကြည့်ရှုအားပေး

သင်တန်းဆင်းပွဲအပြီးတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်သည် ဗဟိုလေ့ကျင့်ရေးကျောင်းတွင် ဖွင့်လှစ်လျက်ရှိသည့် စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ်(၅၈)နှင့် (၅၉)သင်တန်းသူများ၏ သင်ကြားမှုကို လည်းကောင်း၊ အဆင့်မြင့် အိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၂၀) သင်တန်းသူများ၏ လက်တွေ့ချုပ်လုပ်မှုနှင့် သင်တန်းသူများချုပ်လုပ်ထားသည့် အဝတ်အထည်လက်ရာများကိုလည်းကောင်း၊ အိမ်တွင်းမှု လက်မှုလုပ်ငန်း(အုန်းပန်းပု)သင်တန်းသူများ၏ လက်တွေ့လေ့ကျင့်သင်ကြားမှုနှင့် သင်တန်းသူများ၏ လက်ရာများဖြစ်သော ဆင်၊ ကျား၊ ကြောင်၊ ယုန်၊ မျောက်၊ ဇီးကွက်၊ နဂါးရုပ်ပုံ ပန်းပုပစ္စည်းများကို လည်းကောင်း ကြည့်ရှုအားပေးသည်။

ဖြည့်ဆည်းပေး

ထို့နောက် ဒုတိယ ညွှန်ကြားရေးမှူးချုပ်သည် စာသင်ဆောင်များ၊ အိပ်ဆောင်များ၊ စားရိပ်သာနှင့် ဗဟိုလေ့ကျင့်ရေးကျောင်း၏ နှစ်ရှည်သီးနှံ၊ ရာသီသီးနှံ စိုက်ပျိုးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းအောင် အိမ်တွင်းမှုလက်မှုလုပ်ငန်း(အုန်းပန်းပု) အမှတ်စဉ်(၁) သင်တန်းဆင်းပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး တက်ညီလက်ညီကြိုးပမ်း

နေပြည်တော် ဇန်နဝါရီ ၁၆

၂၀၀၉ခုနှစ် (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးကို ယနေ့နံနက်၁၀နာရီတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် ပေါင်းလောင်းရိပ်သာ၌ ကျင်းပရာ (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဝိုင်းဝန်းကြိုးပမ်း

ရှေးဦးစွာ (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က အဖွင့်အမှာစကား ပြောကြားရာတွင် (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ၂၀၀၉ခုနှစ် ဇန်နဝါရီ၆ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဦးဆောင်၍ ကျင်းပခဲ့ပြီး ဖြစ်ကြောင်း၊ ယင်းအစည်းအဝေးတွင် ဆွေးနွေးညွှန်ကြားချက်များနှင့်အညီ ဖွဲ့စည်းတာဝန်ပေးထားသော ဆပ်ကော်မတီ ၁၄ခုက လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခင်နှစ်အတွေ့အကြုံများကို အခြေခံ၍ ယခုနှစ် ပြည်ထောင်စုနေ့ အခမ်းအနားကို အောင်အောင်မြင်မြင် ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများဆောင်ရွက်ရာတွင် အခက်အခဲရှိသည်များကို တင်ပြညှိနှိုင်းကြရန်ဖြစ်ကြောင်း၊ အလံတင် အခမ်းအနား ကျင်းပရေး၊ သဝဏ်လွှာပြုစုရေး၊ ပြည်ထောင်စုနေ့ ညစာစားပွဲတွင် ပြည်ထောင်စုတိုင်းရင်းသား အားလုံးကို ဖော်ညွှန်းသည့် တိုင်းရင်းသား တေးသီချင်းများဖြင့် တင်ဆက်ဖျော်ဖြေရေး၊ ပြည်နယ်နှင့်တိုင်း အသီးသီးက တိုင်းရင်းသား ယဉ်ကျေးမှု အကများ ကပြရာတွင် နောက်ခံအဖြစ် သက်ဆိုင်ရာ ပြည်နယ်/တိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုပြကွက်များကို တေးသီချင်းများ၊ အကများဖြင့် ကိုက်ညီအောင် ပြသရေး၊ ဘဏ္ဍာငွေ သုံးစွဲရေး၊ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များ နေပြည်တော်ပတ်ဝန်းကျင်လေ့လာရေး တို့နှင့်စပ်လျဉ်း၍ အဆင်ပြေချောမွေ့အောင် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆွေးနွေးတင်ပြ

ထို့နောက်ဆပ်ကော်မတီဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများက ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား ကြိုဆိုနေရာချထားရေး၊ ကျွေးမွေးဧည့်ခံရေး၊ ပို့ဆောင်ဆက်သွယ်ရေး၊ ကျန်းမာရေး၊ လုံခြုံရေး၊ ညစာစားပွဲ တည်ခင်းဧည့်ခံရေး၊ အခမ်းအနား ပြင်ဆင်မွမ်းမံရေး၊ ဘဏ္ဍာရေး၊ အလံတော်အလေးပြုခြင်းနှင့် သဝဏ်လွှာဖတ်ကြားရေး၊မြေစိုက်ပိုစတာများစိုက်ထူရေး၊ သတင်းထုတ်ပြန်ရေး၊ ညစာစားပွဲတွင် ဖျော်ဖြေရေး၊ လေ့လာရေးအစီအစဉ်များနှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်ရန် စီစဉ်ထားရှိမှု အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ဖြည့်ဆည်း

ယင်းနောက် (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က ဆွေးနွေးတင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များ တည်းခိုမည့်တည်းခိုရေးစခန်းပတ်ဝန်းကျင်သန့်ရှင်းရေး၊ကျန်းမာရေး၊ကိုယ်စားလှယ်များ သွားလာမှုလွယ်ကူစေရေး စသည်တို့နှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့်လုပ်ငန်းအစီအစဉ်များကိုဆွေးနွေးမှာကြားကာအစည်းအဝေးကိုမွန်းလွဲပိုင်းတွင်ရုပ်သိမ်းလိုက်သည်။**(သတင်းစဉ်)**

အမှာစကားပြောကြား

(၆၂)နှစ်မြောက်ပြည်ထောင်စုနေ့ကျင်းပရေးစီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် ၂၀၀၉ခုနှစ် (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီအစည်းအဝေးတွင်အမှာစကားပြောကြားစဉ်။(သတင်းစဉ်)

သာကေတ အထက(၃) (၁၀)နှစ်ပြည့်အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၆

သာကေတမြို့နယ် အထက(၃) ကျောင်းသား ကျောင်းသူဟောင်းများက အငြိမ်းစားယူသွားသော ဆရာ ဆရာမကြီးများကို နှစ်စဉ်အာစရိယပူဇော်ပွဲ ကျင်းပလာခဲ့ရာ (၁၀)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် စာစီစာကုံးပြိုင်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ၊ ကာရာအိုကေသီဆိုမှုပြိုင်ပွဲနှင့် ကံစမ်းမဲဖွင့်ပွဲများကို ဖေဖော်ဝါရီ၈ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပပြီး ဖိတ်ကြားထားသော အပူဇော်ခံဆရာ ဆရာမကြီးများအား မွန်းတည့် ၁၂နာရီတွင် ပူဇော်ပွဲကျင်းပမည်ဖြစ်ပါ၍ တက်ရောက်ပူဇော်ကန်တော့ကြပါရန်နှင့် ဆရာဆရာမကြီးများအတွက် ငွေနှင့်အလှူပစ္စည်းများ လှူဒါန်းလိုပါက ဆရာမဒေါ်ခင်အေးကြူ ဖုန်း-၅၅၈၁၄၅၊ ဦးတင်မြင့် ဥက္ကဋ္ဌ ဖုန်း-၀၉-၅၁-၂၇၉၈၄နှင့် ဆရာမဒေါ်ငွေငွေရှိန် အတွင်းရေးမှူး ဖုန်း-၇၀၁၀၉၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(ပညာရေး)**

သိန်းနီမြို့၌ ကျောက်ချောလမ်းဖွင့်

သိန်းနီ ဇန်နဝါရီ ၁၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန်းနီမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၇-၂၀၀၈ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ခဲ့သော သစ္စာလမ်းကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ၃ရက် နံနက်၉နာရီက ယင်းလမ်းမုခ်ဦး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန့်စင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်စောတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ယင်းဖွင့်ပွဲအခမ်းအနားသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

● **ကျောဖုံးမှ**

ဈေးသစ်များဖွင့်ပွဲ

သတင်းအဖွဲ့သည် ဇန်နဝါရီ ၁၅ရက်က နေပြည်တော်ပျဉ်းမနား၌ တည်ဆောက်ဖွင့်လှစ်ခဲ့သော ယုဇန ဈေးသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ သတင်းရယူခဲ့သည်။

ယင်းယုဇန ဈေးသစ်ကြီးသည် နေပြည်တော်ပျဉ်းမနား ပေါင်းလောင်းရပ်ကွက်၌ တည်ရှိသည်။ ရန်ကုန်-မန္တလေး အမြန်ကားလမ်းမကြီးနှင့် နေပြည်တော်သို့ သွယ်တန်းဖောက်လုပ်ထားသည့် ရာဇဌာနီလမ်းတို့ ဆုံရာအနီး၌ တည်ရှိသည်။

ဖွင့်လှစ်

အဆိုပါ ယုဇနဈေးသစ်ကြီးကို ထိုနေ့နံနက်ပိုင်းက နေပြည်တော် စည်ပင်သာယာရေး ကော်မတီမှ တာဝန်ရှိသူများ၊ မြို့မိ မြို့ဖများနှင့် ဒေသနေ ပြည်သူများက တပျော်တပါး တက်ရောက်ကာ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ခြင်း ဖြစ်သည်။

ယင်းဈေးသစ်ကြီးမှာ နေပြည်တော် စည်ပင်သာယာရေး ကော်မတီက နေပြည်တော်ပျဉ်းမနားတွင် တည်ဆောက် ဖွင့်လှစ်ပေးခဲ့သည့် ဒုတိယမြောက် ဟင်းသီးဟင်းရွက်နှင့်သားငါးဈေးဖြစ်သည်။

နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ ကော်မတီဝင် ဌာနကြီးမှူးဦးမျိုးသန့်က ဈေးသစ်ကြီးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့စဉ်။

ဈေးရုံ ၂၅ ရုံ

စုစုပေါင်းဈေးရုံ၂၅ရုံရှိပြီးဆိုင်ခန်းပေါင်း ၃၀၀ ပါဝင်သည်။ ဟင်းသီးဟင်းရွက်၊ အသားငါးနှင့် အခြားသောဆန်၊ ဆီ၊ ဆား၊ ငရုတ်စသော စားကုန်များ သန့်ရှင်းကောင်းမွန်စွာရောင်းချနိုင်ရန် တည်ဆောက်ပေးထားသည့် ဈေးဖြစ်သည်။ ဈေးအတွင်း ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံ ပန်းမန်များ၊ သားငါးများ၊ ဆန်၊ဆီ၊ဆားနှင့်အခြားသော စားကုန်ပစ္စည်းများ ခင်းကျင်းရောင်းချပေးလျက်ရှိကြောင်း တွေ့ရသည်။ ယင်းဈေးကြီးကို Diamond Mercury ကုမ္ပဏီမှတာဝန်ယူ တည်ဆောက် ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အသစ်ဖွင့်လှစ်လိုက်သော ယုဇနဈေးသစ်ကြီးတွင် သန့်ရှင်းသပ်ရပ်သော ဆိုင်ခန်းများ၊ ဈေးဝယ်သူများဖြင့် ဤသို့စည်ကားစွာ တွေ့ရသည်။



ဝင်ငွေတိုးပွား

နေပြည်တော်တပ်ကုန်း၊ နေပြည်တော်ပျဉ်းမနားနှင့် နေပြည်တော်လယ်ဝေး မြို့များသည် စိုက်ပျိုးရေးဖြစ်ထွန်းအောင်မြင်သော မြို့များဖြစ်သည်။ ယင်းမြို့များရှိ တောင်သူများသည် စပါး၊ ပဲ၊ ကြံနှင့်ဆီထွက်သီးနှံများအပြင် ဈေးကွက်သစ်များပေါ်ထွန်းလာသဖြင့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ နှစ်စဉ်တိုးချဲ့ စိုက်ပျိုးလာလျက်ရှိသည်။ တောင်သူများ အနေဖြင့် စိုက်ပျိုးရေးကို တိုးချဲ့လုပ်ကိုင်လာသည်နှင့်အမျှ ဝင်ငွေ တိုးပွားလျက်ရှိသည်။

ဖောက်ကား

နေပြည်တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် ယုဇနဈေးသစ်ကြီးကို တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့၍ ဒေသနေ ပြည်သူများ ဟင်းသီး ဟင်းရွက်နှင့် သားငါးများ ဈေးနှုန်းချိုသာစွာ ဝယ်ယူစားသုံးနိုင်မည့်အပြင် ဈေးကြီးအတွင်း ရောင်းဝယ်ဖောက်ကားကြခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းသစ်များလည်း ပေါ်ထွန်းလာမည် ဖြစ်ပါကြောင်း စေ့ငုရေးသားလိုက်ရပါကြောင်း။ ။ **(မြန်မာ့အလင်း)**

ချစ်နိုင်(စိတ်ပညာ)၏ ဘဝပန်းတိုင် ဆောင်းပါးပေါင်းချုပ်စာအုပ်ထွက်ရှိ

ရန်ကုန် ဇန်နဝါရီ ၁၆

ချစ်နိုင်(စိတ်ပညာ)၏ ဘဝပန်းတိုင်စာအုပ် ထွက်ရှိလာရာ အဆိုပါစာအုပ်တွင် မေလေးသို့ပေးစာရှစ်ပုဒ်၊ ဒို့ကျေးရွာခေါင်းကြီးခြောက်ပုဒ်နှင့်အခြားဆောင်းပါးသုံးပုဒ် စုစုပေါင်း၁၇ပုဒ်ဖြင့် စုစည်းတင်ပြထားပြီး နိုင်စာပေ အမှတ်၂၂ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၅၄၂၇၀၊ ၀၉-၅၀-၃၄၅၀၇ မှဖြန့်ချိ၍ တန်ဖိုးကျပ်၈၀၀ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးညှင်းမြို့နယ်စည်ပင် ကွန်ကရစ်တံတား ကျေးရွာ၌ဆောက်လုပ်

မိုးညှင်း ဇန်နဝါရီ ၁၆

မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် မော်ဟန်ကျေးရွာ ကွန်ကရစ်တံတား ဆောက်လုပ်ပြီးစီးမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်း ဒီဇင်ဘာ ၅ရက်က ကွင်းဆင်းကြည့်ရှုရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လုပ်ငန်းတာဝန်ခံ လက်ထောက်အင်ဂျင်နီယာ ဦးအေးကိုက ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မီးဘေးရှောင် မလောင်ခင်တား

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၀ပြည့်နှစ် ပြာသိုလပြည့်ကျော်၇ရက် (အဖိတ်နေ့)

၁၇-၁-၂၀၀၉ရက် (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၅။ အကပြိုင်ပွဲ
၈:၀၀ ၆။ ကဗျာပန်းဥယျာဉ်
၈:၁၅ ၇။ တေးဂီတအစီအစဉ်
၈:၃၀ ၈။ International News
၈:၄၅ ၉။ အတီးပြိုင်ပွဲ
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ အစီအစဉ်အဖွင့်
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၃၅ ၃။ Yan Can Cook
၁၁:၄၀ ၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၁၀ ၅။ ချစ်စရာ့အရွယ် ကစားကြမယ်
၁၂:၄၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **အားကိုးချစ်သူ ကျေးတောသူ** (အပိုင်း-၁၄)
၁၃:၂၀ ၇။ ဆန်းကြယ်ထူးခြားပြိုင်ပွဲများ (Telematch)
၁၄:၁၅ ၈။ ၂၀၀၇ ခုနှစ် အမျိုးသားစာပေဆုရှင်များ၏ ပုံရိပ်များနှင့် ရင်တွင်းစကား
၁၄:၃၀ ၉။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက
၁၄:၄ ၁၀။ အဆိုပြိုင်ပွဲ
၁၄:၄၅ ၁၁။ International News
၁၅:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၀ ၂။ အဆိုပြိုင်ပွဲ
၄:၂၀ ၃။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၄:၃၀ ၄။ တေးဂီတအစီအစဉ်
၄:၄၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (မြန်မာစာ၊ မြန်မာမှုပညာ၊ အရှေ့တိုင်းပညာ အထူးပြုများ) (အရှေ့တိုင်းပညာ)
၄:၅၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၀၀ ၇။ တေးဂီတအစီအစဉ်
၅:၁၀ ၈။ မြန်မာ့ဓလေ့ ရိုးရာလက်ဝှေ့
၅:၁၅ ၉။ ချစ်စရာ့အရွယ် ကစားကြမယ်
၅:၄၀ ၁၀။ **"တစ်လောကလုံးလင်းပါစေ"** ပြေတီဦး၊ မိုးပြည့်ပြည့်မောင်၊ မေသဉ္ဇာဦး၊ ဝါဝါအောင်၊ ဇော်ဖူးပွင့် (ဒါရိုက်တာ စင်ရော်မောင်မောင်)
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၃၀ ၁၂။ မိုးလေဝသ အခြေအနေ
၆:၃၅ ၁၃။ အလှရှာမယ် လှကမ္ဘာဝယ်
၆:၅၅ ၁၄။ ပဋ္ဌာလက်ကျောင်းတော်
၇:၁၅ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာနှင့် ယှဉ်သောမေတ္တာ** (အပိုင်း-၁၁)
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကြမ္မာမုန်တိုင်း** (အပိုင်း-၃)
၂၀။ အစီအစဉ်ပြီး၏။

ဆေးဝန်ထမ်းတပ်ဖွဲ့မှ အရိုးပါရဂူများနှင့် စင်ကာပူနိုင်ငံမှ အရိုးရောဂါအထူးကုဆရာဝန်ကြီးနှင့်အဖွဲ့

တပ်မတော်အရိုးရောဂါအထူးကု ဆေးရုံကြီးတွင် စမ်းသပ်စစ်ဆေးခြင်း၊ ခွဲစိတ်ကုသခြင်းများပြုလုပ်

ရန်ကုန် ဇန်နဝါရီ ၁၆

ကာကွယ်ရေးဝန်ကြီးဌာန၏ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး၏ အစီအစဉ်ဖြင့် ဆေးဝန်ထမ်းတပ်ဖွဲ့မှ အရိုးပါရဂူများနှင့် စင်ကာပူသမ္မတနိုင်ငံ Singhealth group-Singapore General Hospital မှ အရိုးရောဂါအထူးကုဆရာဝန်ကြီး Prof; Tay Boon Keng ဦးဆောင်သော အဖွဲ့ဝင် ၁၂ဦးတို့သည် ဇန်နဝါရီ ၁၅ရက်မှ ၁၈ရက်အထိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀) မင်္ဂလာဒုံ၌ တပ်မတော်သားများနှင့် တပ်မိသားစုဝင်များအား စမ်းသပ်စစ်ဆေးခြင်း၊ ခွဲစိတ်ကုသခြင်းများ ပြုလုပ်ပေးလျက်ရှိသည်။ (အောက်ပုံ)

ခွဲစိတ်ကုသ

အဆိုပါ ခွဲစိတ်ကုသရာတွင် တင်ပါးဆုံရိုး အစားထိုးလဲလှယ်ခြင်း (Total hip replacement) များနှင့် ခါးရိုးအဆစ်လွဲချော်ခြင်းများကို ခေတ်မီစက်ကိရိယာ အထောက်အကူပစ္စည်းများ အသုံးပြု၍ ခွဲစိတ်ကုသပြီး မျက်နှာ၊ မေးရိုးနှင့်အင်္ဂါရပ် ချို့ယွင်းမှုများကို Plastic Surgery များ ပြုလုပ်ပေးလျက်ရှိသည်။

ဆွေးနွေး

ထို့အပြင် တပ်မတော်ဆေးတက္ကသိုလ်မှ ဘွဲ့လွန်၊ ဘွဲ့ကြို ကျောင်းသားများအားလည်း နိုင်ငံတကာအဆင့်မီခွဲစိတ်ကုသမှုများ တစ်ပြိုင်တည်းသင်ကြားဆွေးနွေးပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်အား အိန္ဒိယဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၆

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်အား အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ Indo Myanmar Chamber of Commerce & Industries မှ Mr.G.L Goenka နှင့် အဖွဲ့သည် ဇန်နဝါရီ၁၄ရက်တွင် ဝန်ကြီးရုံးဧည့်ခန်းမသို့ လာရောက်တွေ့ဆုံကြကြောင်း သတင်းရရှိသည်။

(အပေါ်ပုံ) (သတင်းစဉ်)

မြန်မာ့အလင်း သဘာဝဘေး ဖောင်ပိတ်သတင်း

ရုရှားအရှေ့ဘက်ကမ်းလွန်၌ အင်အားပြင်းငလျင်လှုပ်

မော်စကို ဇန်နဝါရီ ၁၆

ရုရှားနိုင်ငံ အရှေ့ဘက် ကူရီကျွန်း ကမ်းလွန်တွင် ဇန်နဝါရီ ၁၅ရက်က ရစ်ချ်တာစကေး ၇ ဒသမ ၃ အင်အားရှိသောငလျင် လှုပ်သွားကြောင်း ရုရှားနိုင်ငံ ဘူမိဗေဒအရာရှိများက ပြောကြားသည်။

ငလျင်ဗဟိုမှာ ကူရီကျွန်းရှိ စီဗီရိုကူရစ်မြို့တောင်ဘက် ၄၂၈ ကီလိုမီတာ အကွာ ပင်လယ်ကြမ်းပြင်အောက် ၃၅ ကီလိုမီတာကို ဗဟိုပြု၍ လှုပ်ခဲ့ခြင်းဖြစ် သည်။

ငလျင်လှုပ်မှုကြောင့် စီဗီရိုကူရစ်မြို့၌ နေအိမ်နှင့် အဆောက်အအုံများ ယိမ်းထိုးလှုပ်ခါသွားခဲ့သော်လည်း ထိခိုက်ပျက်စီးမှု မရှိကြောင်း၊ ဆူနာမီသတိပေးချက်လည်း မထုတ်ပြန်ခဲ့ကြောင်း သတင်း၌ဖော်ပြသည်။

ပြည်နယ်နှင့်တိုင်း တင်းနစ်ပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၁၆

၂၀၀၉ခုနှစ် (၄၆)ကြိမ်မြောက်ပြည်နယ်နှင့်တိုင်း တင်းနစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယနေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူ တင်းနစ်အားကစားကွင်း၌ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့်အမှုဆောင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် တင်းနစ်အားကစားဝါသနာရှင်များ တက်ရောက်ကြပြီး ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများက ဆုရရှိကြသူများအား ဆုများချီးမြှင့်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆော့ဖ်ဝဲလ်အင်ဂျင်နီယာတစ်ဦး ဖြစ်လိုသူများအတွက် ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၆

IT Industry တွင် Software Engineer တစ်ဦးအဖြစ် ဝင်ရောက်လုပ်ကိုင်လိုသူများအတွက် အချိန်တိုအတွင်း အရည်အချင်းပြည့်ဝသော Software Engineering ဖြစ်နိုင်မည့် အခွင့်အရေးများနှင့် စပ်လျဉ်းပြီး Myanmar Information Technology Pte.,Ltd. မှ ဦးဇော်မိုးထွန်းက ဇန်နဝါရီ၂၁ရက် နံနက်၁၀နာရီမှ မွန်းတည့် ၁၂နာရီ အထိ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ပြည်လမ်း ၈မိုင် အမှတ် ၁၁၂ အခန်းအမှတ်၁၁-၁၂ရှိ Myanmar Professionals Education Centre သင်တန်းခန်းမ၌ ဟောပြောမည်ဖြစ်သည်။

စုံစမ်းမေးမြန်းနိုင်

ဟောပြောပွဲတွင် Software Engineer အဖြစ်ဝင်ရောက်လုပ်ကိုင်လိုသူများအတွက် ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားလျက်ရှိသော Diploma in Software Engineering တွင် သင်ကြားမည့် အဓိကဘာသာရပ်ကြီးခြောက်ခုနှင့် လက်တွေ့လုပ်ငန်းခွင်အသုံးချ Project ရေးသား၍ ရရှိသောအတွေ့အကြုံများ၏ အကျိုးကျေးဇူးများကိုပါ ရှင်းလင်းဟောပြောမည်ဖြစ်ပြီး စိတ်ဝင်စားသူများသည် Myanmar Professionals Education Centre (MPEC)ဖုန်း-၆၆၈၇၇၉၊ ၆၆၈၂၅၉ နှင့် ၆၅၀၁၂၄ တို့သို့ စုံစမ်းမေးမြန်းနိုင်ကြောင်းသိရသည်။

(သတင်းစဉ်)

အရှေ့တောင်အာရှနိုင်ငံအချို့၏ ရာသီဥတုအခြေအနေ

ရန်ကုန် ဇန်နဝါရီ ၁၆

အရှေ့တောင်အာရှဒေသရှိ နိုင်ငံအချို့တွင် ဇန်နဝါရီ ၁၆ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေနှင့် လာမည့်နှစ်ရက်အတွက် ဖြစ်ပေါ်နိုင်သည့် ရာသီဥတုအနေအထားကို အင်တာနက်သတင်း၌ အောက်ပါအတိုင်း ဖော်ပြထားသည်-

မလေးရှား

မလေးရှားနိုင်ငံတစ်နိုင်ငံလုံးတွင် ဇန်နဝါရီ ၁၆ရက်က ပျမ်းမျှအပူချိန် ၃၀ ဒီဂရီစင်တီဂရိတ်ရှိခဲ့သည်။ မလေးရှားနိုင်ငံ အရှေ့မြောက်ပိုင်းဒေသများတွင် အအေးပိုခဲ့ပြီးကျန်ဒေသများ ပုံမှန်အနေအထားတိုင်းရှိခဲ့သည်။ မလေးရှားနိုင်ငံမြို့တော် ကွာလာလမ်ပူမြို့၌ အပူချိန် ၂၈ဒီဂရီစင်တီဂရိတ်ရှိပြီး ရာသီဥတုသာယာခဲ့သည်။ မလေးရှားနိုင်ငံတွင် လာမည့်နှစ်ရက်အတွင်း အပူချိန်အနည်းငယ်ကျဆင်းကာ နိုင်ငံမြောက်ပိုင်းဒေသများ၌ အနည်းငယ်ပိုအေးမည်ဖြစ်သည်။ အရှေ့မြောက်ဘက်မှ လေအေးများ တိုက်ခတ်ကာ အချို့အရပ်များ၌ ဆီးနှင်းများ ကျဆင်းမည်ဖြစ်သည်။

အင်ဒိုနီးရှား

အင်ဒိုနီးရှားနိုင်ငံတွင် ဇန်နဝါရီ ၁၆ရက်က တစ်နိုင်ငံလုံးတွင် ပျမ်းမျှအပူချိန် ၂၉ဒီဂရီစင်တီဂရိတ်အထိ ရှိခဲ့သည်။ အနောက်မြောက်လေများ တိုက်ခတ်ခဲ့ပြီး အင်ဒိုနီးရှားကမ်းလွန်၌ လှိုင်းကြီးခဲ့သည်။ ကမ်းရိုးတန်းဒေသအချို့၌ မိုးအနည်းငယ်ရွာသွန်းခဲ့သော်လည်း မိုးရေချိန်လက်မနည်းခဲ့သည်။ နောက်နှစ်ရက်အတွက် အင်ဒိုနီးရှားတစ်နိုင်ငံလုံးတွင် အပူချိန်များ ကျဆင်းလာမည်ဖြစ်ပြီး အနောက်ဂျာဗားနှင့် ဆူမာတြားကျွန်းများ၌ အအေးပိုလာဖွယ်ရှိသည်။

ထိုင်းနိုင်ငံ

ထိုင်းတစ်နိုင်ငံလုံးတွင် အရှေ့မြောက်လေများ တိုက်ခတ်မှုကြောင့် ပျမ်းမျှအပူချိန် ၂၉ဒီဂရီ စင်တီဂရိတ်သာရှိခဲ့သည်။ ထိုင်းနိုင်ငံမြို့ကြီးများဖြစ်သော ဗန်ကောက်နှင့် မဲဆောက်မြို့တို့တွင် အအေးပိုခဲ့ပြီး ဆီးနှင်းများကျဆင်းခဲ့သည်။ ထိုင်းကမ်းလွန်ပင်လယ်ပြင်၌ လေပြင်းများတိုက်ခတ်သဖြင့် လှိုင်းကြီးခဲ့သည်။ နောက်နှစ်ရက်အတွက် ရာသီဥတုခန့်မှန်းချက်မှာ ထိုင်းနိုင်ငံအရှေ့မြောက်ပိုင်း ဒေသများ၌ အအေးပိုလာမည်ဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံ

ကမ္ဘောဒီးယားနိုင်ငံ တစ်နိုင်ငံလုံးတွင် ဇန်နဝါရီ ၁၆ရက်က ပျမ်းမျှအပူချိန် ၂၈ ဒီဂရီစင်တီဂရိတ် ရှိခဲ့သည်။ မြို့တော်ဖနောင်ပင်၌ အအေးဓာတ်ပိုခဲ့သော်လည်း ကျန်ဒေသများ၌ ပုံမှန်ရာသီဥတု ရှိခဲ့သည်။ သို့သော် ကမ္ဘောဒီးယားနိုင်ငံ အရှေ့မြောက်ပိုင်း အချို့ဒေသများတွင် အပူချိန် ၂၄ ဒီဂရီစင်တီဂရိတ်အထိ ကျဆင်းခဲ့သည်။ နောက်နှစ်ရက်အတွက် ရာသီဥတုအခြေအနေမှာ ဖနောင်ပင်မြို့၌ ဆီးနှင်းများ ကျဆင်းနိုင်ပြီး မြောက်ဘက်မှလေအေးများ တိုက်ခတ်မှုကြောင့် အအေးပိုလာမည်ဖြစ်သည်။ ကမ္ဘောဒီးယားတစ်နိုင်ငံလုံးတွင် ညအပူချိန်များလျော့ကျကာ အအေးဓာတ်ပိုလာမည်ဟု ခန့်မှန်းထားသည်။ ။

ကိုးကား-အင်တာနက်

စာကြည့်တိုက်ရှင်သန်ရေး ရေစကြို၌ အသိပညာပေးဟောပြော

ရေစကြို ဒီဇင်ဘာ ၁၆

မကွေးတိုင်း ရေစကြိုမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ ကြိုးပမ်းမှုဖြင့် ၈၉/အုပ်စုကျေးရွာပေါင်း ၂၄၅ရွာရှိသည့် အနက် ၂၄၅ရွာစလုံး ပြန်ကြားရေးဌာန၏ အသိအမှတ်ပြု စာကြည့်တိုက်များ နယ်လုံးကျွတ်ရှိနေကြပြီဖြစ်ပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်စန်းယုမော်နှင့် ဝန်ထမ်းများသည် စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး ကျေးရွာစာကြည့်တိုက်များသို့ စဉ်ဆက်မပြတ်ကွင်းဆင်းကြလျက် စာအုပ်စာတမ်းများ လှူဒါန်းခြင်း၊ အသိပညာပေး ဟောပြောခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၀၆၉)

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်း အမှတ် ၁၊၂၊ ၃ ပရိဘောဂစက်ရုံ ရောင်း/ဖြန့်ဌာနနှင့် ပုံဖော်စက်ရုံ(၁)မှ သီးသန့်မီးသတ်သင်တန်းသားများသည် ဇန်နဝါရီ ၁၆ရက်က စက်ရုံမီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက်သရုပ်ပြလေ့ကျင့်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ပုသိမ်၌ မီးလောင် နေအိမ် ငါးလုံး၊ ဘော်ဒါဆောင်တစ်လုံး မီးလောင်ဆုံးရှုံး

ရန်ကုန် ဇန်နဝါရီ ၁၆

ဧရာဝတီတိုင်း ပုသိမ်မြို့ အမှတ်(၂) ရပ်ကွက်ရှိ နေအိမ်တစ်လုံး၌ ဇန်နဝါရီ ၁၅ရက် နံနက် ၉နာရီ မိနစ် ၂၀ခန့်တွင် ရေနွေးအိုးတည်ရာမှ ထရံသို့ မီးကူးစက်လောင်ကျွမ်းပြီး နံနက် ၁၀နာရီတွင် မီးငြိမ်းသွားခဲ့ကြောင်း၊ မီးလောင်မှုကြောင့် အိမ်ငါးလုံး၊ ဘော်ဒါဆောင်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး အိမ်ထောင်စုခြောက်စု၊ အမျိုးသား ၉၀၊ အမျိုးသမီး ၂၅ဦး အိုးမဲ့အိမ်မဲ့ဖြစ်ကာ တစ်ဦး ဒဏ်ရာရရှိ(မစိုးရိမ်ရ)ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုး အစဉ်သတိပြု

ရန်ကုန်တက္ကသိုလ် ရက္ခဗေဒ မိသားစု အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၆

ရန်ကုန်တက္ကသိုလ် ရက္ခဗေဒမိသားစုက ကြီးမှူး၍ အသက် (၆၅)နှစ်အထက် အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား ပထမအကြိမ် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၈ရက်(စနေနေ့) နံနက် ၉နာရီတွင် တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ပညာသင်နှစ်အသီးသီးမှ ရက္ခဗေဒ ကျောင်းသူ ကျောင်းသားဟောင်းများ တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် ပစ္စည်းများကို ရန်ကုန် တက္ကသိုလ် ရက္ခဗေဒ ဌာန ဖုန်း-၀၁-၅၃၅၀၃၀၊ ဒေါက်တာကျော်ကျော်ခေါင် ဖုန်း-၀၉-၅၀-၁၀၂၄၈၊ ဒေါက်တာ အေးဖေ ဖုန်း-၀၉-၅၀-၁၀၃၃၀၊ ဦးဟန်အေး ဖုန်း-၀၉-၅၀-၀၅၀၃၇၊ ဦးစောဝင်း ဖုန်း-၀၉-၈၅-၈၆၁၃၈၊ ဒေါက်တာ ဦးဝင်း ဖုန်း-၀၉-၈၅-၈၁၂၉၃၊ ဦးကျော်ခင် ဖုန်း-၀၉-၉၉- ၂၁၂၂၅၊ ဦးဇော်ဝင်း ဖုန်း-၀၉-၅၀-၀၆၅၉၈၊ ဦးမျိုးအောင် ဖုန်း-၀၉-၈၀- ၃၄၇၃၉၊ ဦးရွှေဘ ဖုန်း-၀၉-၅၁-၄၉၂၇၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပန်းချီလေ့လာရေး ကိုယ်စားလှယ်အဖွဲ့ ဗန်ကောက်သို့ ထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၁၆

မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို) ဒုတိယဥက္ကဋ္ဌ ဦးသန့်စင်(ခ) ပန်းချီလှတင်ထွန်း ခေါင်းဆောင်သော ပန်းချီလေ့လာရေး ကိုယ်စားလှယ်အဖွဲ့သည် ဗန်ကောက်ရှိ ဖယောင်းရုပ်တု ပြတိုက်၊ ပန်းချီ ပန်းပု ပြတိုက်၊ ပန်းချီသိပ္ပံ ကျောင်းများ၊ အယုဒ္ဓယ အနုပညာမြို့တော် ၊ ချင်းမိုင်တက္ကသိုလ် အနုပညာပြတိုက်နှင့် ချင်းမိုင် ပန်းချီ ပန်းပုပြခန်းများ၊ ပန်းချီအသင်းအဖွဲ့များ လေ့လာရန် ဇန်နဝါရီ ၁၅ ရက် နံနက်က ထိုင်းလေကြောင်းခရီးဖြင့် ရန်ကုန်လေဆိပ်မှ ထွက်ခွာသွားသည်။ ပန်းချီလေ့လာရေးအဖွဲ့တွင် မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို) ဒုတိယဥက္ကဋ္ဌ ဦးစောလှိုင်၊ အတွင်းရေးမှူး ဦးကြည်ဝင်း(တူဒေး)**(အပေါ်ပုံ)**တို့ လိုက်ပါသွားပြီး ပန်းချီပြတိုက်ပြခန်းများ လေ့လာရေးအပြင် ပန်းချီအောက်ဒိုးများလည်း ရေးဆွဲကြမည်ဟုသိရသည်။

(ရိုးရာပန်းပညာရှင်များ အစည်းအရုံး)

MRTV- 4 ရုပ်မြင်သံကြားအစီအစဉ်

၁၇-၁-၂၀၀၉ ရက် (စနေနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	**စိတ်ကောင်းချမ်းသာ** တရားတော် (ဆရာတော် ဘဒ္ဒန္တဇာဂရ)
၇း၅၀-၁း၅၀	Activities in the City (ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲ)
၈း၀၅-၂း၀၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၃၀-၂း၃၀	အစင်စံပြကျေးရွာ ဇီဝိတဒါန ခရီးစဉ်မှ "ကွာန်ဒူရာ" သို့....
၈း၅၅-၂း၅၅	ရေအောက်ကမ္ဘာမှ ဆန်းပြားမှုများ (အပိုင်း-၁)
၉း၁၅-၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅-၃း၂၅	ဖန်သားရုပ်မြင် စာဆိုသဘင် (စာရေးဆရာမ-မစန္ဒာ)
၉း၅၅-၃း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀-၄း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၅-၄း၀၅	ကျန်းမာပျော်ရွှင်လှစေချင် (အပိုင်း-၃)
၁၀း၂၅-၄း၂၅	မိုးလေဝသခန့်မှန်းချက်
၁၀း၃၀-၄း၃၀	ပတ္တမြားမြေပေါ်မှ သိင်္ဂါရောင်မြင်ကွင်းများ
၁၀း၄၅-၄း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀-၄း၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၀-၅း၀၀	သွားမယ်စားမယ် (THE CUP CORNER)
၁၁း၂၀-၅း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၅-၅း၂၅	**ဆီးချို သွေးချို ကာကွယ်ပါ** အကယ်ဒမီ ထွန်းထွန်းဝင်း၊ မိုးဒီ၊ ဖြိုးငွေစိုး၊ ကောင်းခန့်၊ မျိုးစန္ဒီကျော်၊ ရတနာမိုင်၊ ဝင့်နန္ဒာဖြိုး [ဒါရိုက်တာ-တင်အောင်ရွှေ (သုတေသီ)]
၁၁း၅၅-၅း၅၅	တစ်ပတ်အတွင်း အားကစားသတင်း
၁၂း၁၀-၆း၁၀	တေးဂီတအစီအစဉ်
၁၂း၁၅-၆း၁၅	ဖားစည်သံဝေ "ငွေဆောင်ကမ်းခြေ"
၁၂း၃၅-၆း၃၅	MRTV-4 စာအုပ်စင်ကဏ္ဍ (အကယ်ဒမီ ဒါရိုက်တာ ကြည်စိုးထွန်းနှင့်တွေ့ဆုံခြင်း)
၁၂း၅၅-၆း၅၅	တေးဂီတအစီအစဉ်
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclay Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၉း၂၅	Bolton - Man Utd	ESPN (Live)
	Chelsea-Stoke City	STAR SPORTS (Live)
၁၁း၅၅	Hull City - Arsenal	STAR SPORTS (Live)
	Sunderland - Aston Villa	ESPN (SDD)

Seria A ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၀၀	AC Milan- Fiorentina	5-Cartoons (Live)

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

အားကစား သတင်း အတို အထွာ

- *ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)၏ နောက်ဆုံးသတင်း ထုတ်ပြန်ချက်အရ စပိန်အသင်းက ပထမ၊ ဂျာမနီက ဒုတိယနှင့်တတိယနေရာသို့ နယ်သာလန်အသင်း တက်ရောက်လာသည်။ အီတလီနှင့် ဘရာဇီး အသင်းတို့မှာ စတုတ္ထနှင့် ပဉ္စမနေရာများ၌ ရပ်တည်လျက်ရှိသည်။*
- ***မန်ယူတိုက်စစ်မှူးရွန်နေသည် ဝီဂန်နှင့်ပွဲ၌ တံကောက်ကြောဒဏ်ရာရရှိခဲ့သဖြင့် အနည်းဆုံးသီတင်းသုံးပတ်ခန့် အနားယူရဖွယ်ရှိကြောင်း နည်းပြဖာဂူဆန်က ပြောကြားသည်။***
- ****ကမ္ဘာ့အကောင်းဆုံးနည်းပြသည် မော်ရင်ဟိုဖြစ်ကြောင်း ကမ္ဘာကျော် ဘောလုံးသမား မာရာဒိုနာက ထုတ်ဖော်ပြောကြားလိုက်သည်။ မော်ရင်ဟိုသည် ဘောလုံးအသင်း တစ်သင်းကို အချိန်တိုအတွင်း အောင်မြင်မှုများရအောင် စွမ်းဆောင်နိုင်သည်ဟု ၎င်းက ပြောကြားသည်။***
- *အာရှဖလားခြေစစ်ပွဲအဖြစ် အီရန်နိုင်ငံ တီဟီရန်မြို့၌ ဇန်နဝါရီ ၁၅ရက်က အီရန်နှင့် စင်ကာပူအသင်းတို့ ယှဉ်ပြိုင်ကစားရာ အီရန်အသင်းက ခြောက်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။*

မန်စီးတီး-ယူရိုသန်း ၁၅၀နဲ့ ကာကာ

မောင်မောင်မြင့်ဆွေ ရေးသားတင်ပြ၍ ဉာဏ်ဟိန်းစိုး စာမျက်နှာဖွဲ့စည်းသည်

လန်ဒန် ဇန်နဝါရီ ၁၆

ဘရာဇီးနဲ့ အေစီမီလန်ကွင်းလယ်တိုက်စစ်မှူးကာကာကို မန်စီးတီးကလပ်က ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေး ယူရိုသန်း ၁၅၀နဲ့ ခေါ်ယူတာကို အေစီမီလန်က ဇန်နဝါရီ ၁၆ရက်မှာ လက်ခံစာချုပ်လိုက်ပြီဖြစ်ပါတယ်။ အေစီမီလန်အသင်းက တာဝန်ရှိသူတွေနဲ့ သဘောတူညီချက်တွေရရှိခဲ့ပြီး စာချုပ်ခဲ့ပြီလို့ မန်စီးတီးလက်ထောက် နည်းပြ မက်ဘိုဝမ်က တရားဝင် ထုတ်ဖော်ပြောကြားလိုက်တာမို့ ကာကာအနေနဲ့ မန်စီးတီးကလပ်ကို ဇန်နဝါရီအပြောင်းအရွှေ့မှာ ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးနဲ့ ရောက်လာတော့မှာ ဖြစ်ပါတယ်....။

အေစီမီလန်ကလပ်ပိုင်ရှင် ဘာလူစကိုနီက ကာကာကိုပြောင်းရွှေ့ကြေးယူရိုသန်း၁၅၀(အမေရိကန်ဒေါ်လာ၂၀၆သန်း)နဲ့ မန်စီးတီးကခေါ်ယူတာကို လက်ခံစာချုပ်လိုက်ပြီလို့ ပြောကြားလိုက်ပါတယ်။ ကာကာကို တစ်နှစ်လုပ်ခ လစာယူရို ၁၅ သန်း (အမေရိကန်ဒေါ်လာ ၂၀ဒသမ၆ သန်း)ပေးမယ်လို့ မန်စီးတီးကလပ်က ပြောကြားနေပါတယ်။

ထုတ်ဖော်ပြောကြား

အခုဆိုရင် ကာကာနဲ့ ကျွန်တော်တို့ တရားဝင်စာချုပ် ချုပ်ဆိုလိုက်ပြီဖြစ်တယ်။ ဒီအချိန်ကို ကျွန်တော်တို့ စောင့်နေခဲ့တာလို့လည်း မန်စီးတီးနည်းပြ မာ့ခ်ဟူချ်က ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

ကာကာနဲ့ ပတ်သက်တဲ့ သတင်းတွေကလည်း ဗြိတိန်ထုတ် အားကစားစာစောင်တွေမှာ အကျယ်တဝင့်ဖော်ပြနေကြပါတယ်။ မီဒီယာတွေမှာတော့ ကာကာရဲ့ တစ်ပတ်လုပ်ခ လစာကို ပေါင်သုံးသိန်းပေးမယ်လို့ဖော်ပြနေပေမယ့် တစ်ပတ်လုပ်ခ ငွေကြေးပမာဏကတော့ အတိအကျ မသိရသေးဘူးလို့ ဆိုပါတယ်။

ကာကာကိုယ်တိုင်ကလည်း ငွေကြေး တစ်ခုတည်းအတွက်နဲ့တော့ မန်စီးတီးကို ပြောင်းတာမဟုတ်ပါဘူး။ တကယ်တမ်း ပြောင်းရွှေ့ဖြစ်ခဲ့တာက မန်စီးတီးအတွက် အောင်မြင်မှုရအောင် စွမ်းဆောင်ပေးလိုတဲ့ဆန္ဒနဲ့ ပြောင်းရွှေ့တာပါလို့ ပြောကြားနေပါတယ်။

ကာကာကို ခေါ်ယူလိုတဲ့ ဘောလုံးကလပ်တွေက အများကြီးရှိနေပါတယ်။ အဲဒီအသင်းတွေထဲမှာ မန်ယူနဲ့ ချယ်လ်ဆီး တို့လည်း ပါဝင်သလို ရီးရဲမက်ဒရစ်က လည်း ကာကာရဲ့ အခြေအနေကို စောင့်ကြည့်နေတာ အခုတော့ မန်စီးတီးအသင်းကို ရောက်သွားပြီဖြစ်ပါတယ်။

စာချုပ်နိုင်ခဲ့

အေစီမီလန်ကလပ်ရဲ့ အမှုဆောင်အရာရှိချုပ်အက်ဒရီရာနိုဂါလီရာနီကလည်း မန်စီးတီးကလပ်ကတာဝန်ရှိသူတွေနဲ့ စာချုပ်နိုင်ခဲ့ပြီလို့လည်း တရားဝင် ထုတ်ဖော်ပြောကြားလိုက်တာမို့ ကာကာရဲ့ အပြောင်းအရွှေ့ကိစ္စနဲ့ပတ်သက်ပြီး အေစီမီလန်ရော မန်စီးတီးပါ တက်တက်ကြွကြွလှုပ်ရှားခဲ့တာမို့ အခုတော့ စာချုပ်နိုင်ခဲ့ခြင်း ဖြစ်ပါတယ်။

ကာကာအနေနဲ့ အေစီမီလန်အသင်းကို ၂၀၀၃ခုနှစ်မှာ ဆော်ပေါလိုအသင်းကနေပြီး ပြောင်းရွှေ့ရောက်ရှိလာတာဖြစ်ပါ တယ်။ အဲဒီနှစ်မှာပဲ အေစီမီလန်အသင်းကို ချန်ပီယံလိဂ်ဖလားရရှိအောင် ပါဝင်စွမ်းဆောင်ပေးနိုင်ခဲ့ပါတယ်။ အခုချိန်အထိ အေစီမီလန်အတွက် ပွဲပေါင်း ၂၄၄ပွဲ ကစားပေးခဲ့ပြီး ဂိုးပေါင်း ၈၆ဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။ ကာကာဟာ မိခင် ဘရာဇီးဘောလုံးအသင်းအတွက် ၆၂ပွဲ ကစားပေးခဲ့ပြီး ၂၃ ဂိုးသွင်းယူပေးထားနိုင်တဲ့ ဘောလုံးသမားလည်းဖြစ်ပါတယ်။

ကာကာရဲ့အသင်းအပြောင်းအရွှေ့ကိစ္စမှာ ငွေကြေးကို ကြည့်မနေပါနဲ့ သုံးပါလို့ မန်စီးတီးကလပ်ပိုင်ရှင် ပေါင် ၁၅ ဘီလီယံကျော်ချမ်းသာတဲ့ရှိတ်မူဆာဘင် ဇာယတ်အယ်နာယန်က ပြောကြားခဲ့တာမို့ အခုတော့ ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေး ဖြစ်သွားခဲ့ပြီ ဖြစ်ပါတယ်။

စံချိန်တင်ခဲ့

ဘောလုံးသမားအပြောင်းအရွှေ့နှုန်းမှာ စံချိန်တင်ထားတဲ့ ဘောလုံးသမားတွေရဲ့ ဈေးနှုန်းတွေကတော့ ဂျူးဗင်းတပ်စ် က ရီးရဲမက်ဒရစ်ကို ပြောင်းရွှေ့ခဲ့တဲ့ ဇီဒန်း (ပေါင် ၄၇သန်း)၊ ဘာစီလိုနာက ရီးရဲမက်ဒရစ်ကို ပြောင်းရွှေ့ခဲ့တဲ့ လူးဝစ်ဖီဂို(ပေါင် ၃၇သန်း)၊ ပါးမားကလာဇီယိုကို ပြောင်းရွှေ့ခဲ့တဲ့ ခရက်စပို(ပေါင် ၃၄သန်း)၊ ရီးရဲမက်ဒရစ်က မန်စီးတီးကိုပြောင်းရွှေ့ခဲ့တဲ့ ရော်ဘင်ဟို(ပေါင် ၃၂ဒသမ ၅သန်း) လာဇီယိုက အင်တာမီလန်ကို ပြောင်းရွှေ့ခဲ့တဲ့ ဗီယာရီ(ပေါင် ၃၁သန်း)နဲ့ စပါးအသင်းမှ မန်ယူအသင်းကို ပြောင်းရွှေ့ခဲ့တဲ့ ဘာဘာတော့ဗ်(ပေါင်၃၀ဒသမ၇၅သန်း) တို့ဖြစ်ပါတယ်။

စောင့်ကြည့်

အခု ကာကာရဲ့ ပြောင်းရွှေ့ကြေးက ယူရိုသန်း ၁၅၀ဆိုတော့ ကမ္ဘာ့အမြင့်ဆုံး စံချိန်တင် ပြောင်းရွှေ့ကြေးဖြစ်တာမို့ ကာကာအနေနဲ့ မန်စီးတီးမှာ ပြောင်းရွှေ့ကြေးနဲ့ ထိုက်တန်အောင် ခြေစွမ်းပြနိုင်မလားဆိုတာ စောင့်ကြည့်ရတော့မှာပဲ ဖြစ်ပါကြောင်း။ ။ **(အင်တာနက်)**

မန်ယူတိုက်စစ်မှူးမာနုချို ဟူးလ်စီးတီးသို့အငှားချ

လန်ဒန် ဇန်နဝါရီ ၁၆

မန်ယူတိုက်စစ်မှူး မာနုချိုအား ဟူးလ်စီးတီးသို့ အငှားချထားလိုက်ပြီဖြစ်ကြောင်း မန်ယူကလပ်က ဇန်နဝါရီ ၁၆ ရက်၌ သတင်းထုတ်ပြန်သည်။

ပြောကြား

အင်ဂိုလာတိုက်စစ်မှူး မာနုချိုအတွက် အလုပ်ပါမစ် ချက်ချင်းမရသေးသဖြင့် အာဆင်နယ်နှင့် ဟူးလ်စီးတီးတို့ ကစားမည့်ပွဲ၌ ပါဝင်နိုင်မည်မဟုတ်ကြောင်း ဟူးလ်စီးတီးကလပ်မှ ပြောကြားသည်။ အသက် ၂၅နှစ်အရွယ်ရှိပြီး အရပ် ၆ပေ ၃လက်မမြင့်သော မာနုချိုသည် မည်သို့ ဂိုးသွင်းရမည်ကို ရှင်းရှင်းလင်းလင်း သိသူဖြစ်သည်ဟု ဟူးလ်စီးတီးကလပ်မှ ပြောကြားသည်။

(အင်တာနက်)

ချစ်စိုးနိုင် စုစည်းတင်ပြသည်

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ကျင်းပခွင့်တင်ရန် နောက်ဆုံးရက်ကြေညာ

လန်ဒန် ဇန်နဝါရီ ၁၆

၂၀၁၈ခုနှစ်နှင့် ၂၀၂၂ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်အတွက် နောက်ဆုံး လျှောက်လွှာတင်ရမည့်ရက်ကို လာမည့် ဖေဖော်ဝါရီ ၂ရက် နောက်ဆုံးသတ်မှတ်လိုက်ကြောင်း ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ဇန်နဝါရီ ၁၆ရက်၌ သတင်းထုတ်ပြန်လိုက်သည်။

ကြေညာမည်

လောလောဆယ်တွင် အင်္ဂလန်၊ စပိန်၊ ပေါ်တူဂီ၊ နယ်သာလန်၊ ဘယ်လ်ဂျီယံ၊ ဩစတြေးလျ၊ တရုတ်၊ မက္ကဆီကိုနှင့် ရုရှားနိုင်ငံတို့က အိမ်ရှင်အဖြစ် ကျင်းပခွင့်ရရန် အဆိုပြုထားခဲ့ကြသည်။ ဖီဖာအနေဖြင့် ၂၀၁၈ ခုနှစ်နှင့် ၂၀၂၂ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အိမ်ရှင်ရွေးချယ်မှုကို ၂၀၁၀ပြည့်နှစ် ဒီဇင်ဘာလ၌ ကြေညာမည်ဖြစ်သည်။ **(အင်တာနက်)**

ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ၌ ဒီဂျိုကိုဗစ်ရှုံးနိမ့်

မဲလ်ဘုန်း ဇန်နဝါရီ ၁၆

ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင် ဇန်နဝါရီ ၁၆ရက်က ကျင်းပသည့် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲအကြို ဗိုလ်လုပွဲ၌ နာမည်ကြီးတင်းနစ်ကစားသမားဒီဂျိုကိုဗစ်က ဖင်လန်တင်းနစ်ကစားသမား ဂျက်ကိုအား ၆-၄၊ ၇-၆ (၇-၃)ဖြင့် ရှုံးနိမ့်ခဲ့သည်။

ယှဉ်ပြိုင်

ဩစတြေးလျအိုးပင်း တင်းနစ်လက်ရှိချန်ပီယံဒီဂျိုကိုဗစ်အနေဖြင့် ဖလားကို မကာကွယ်နိုင်ဘဲဖြစ်ခဲ့ရသည်။ ဖင်လန်တင်းနစ်ကစားသမား ဂျက်ကိုသည် နောက်ဆုံးဗိုလ်လုပွဲ၌ ဒေးဗစ်နယ်လ်ဘင်ဒန်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ (အင်တာနက်)

ရီးရဲမက်ဒရစ်ဥက္ကဋ္ဌ နုတ်ထွက်တော့မည်

မက်ဒရစ် ဇန်နဝါရီ ၁၆

စပိန်ကလပ် ရီးရဲမက်ဒရစ် ဥက္ကဋ္ဌ ရာမွန်ကယ်ဒီယွန်သည် ရာထူးမှ နုတ်ထွက်မည်ဖြစ်ကြောင်း ဇန်နဝါရီ ၁၆ရက်၌ ပြောကြားလိုက်သည်။ ၎င်း၏နေရာတွင် ဒုတိယဥက္ကဋ္ဌ ဘိုလွန်ဒါအား အစားထိုးတာဝန်ပေးမည်ဖြစ်သည်။ **(အင်တာနက်)**

ဘင်နီတက်ဇ် နည်းပြတာဝန်ဆက်မယူ

လန်ဒန် ဇန်နဝါရီ ၁၆

လီဗာပူးနည်းပြအဖြစ် ဆက်လက်တာဝန်ယူရန် လီဗာပူးကလပ်ပိုင်ရှင်များ၏ ကမ်းလှမ်းမှုကို နည်းပြဘင်နီတက်ဇ်က ပယ်ချခဲ့ကြောင်း သတင်း၌ဖော်ပြသည်။ နည်းပြတစ်ဦး၏ လုပ်ပိုင်ခွင့် ထိန်းချုပ်မှုများရှိခြင်းမှာ မိမိ၏ နည်းပြတာဝန်ဆက်မယူလိုခြင်းဖြစ် ကြောင်း ပြောကြားလိုက်သည်။ ဘင်နီတက်ဇ်၏ လက်ရှိ နည်းပြသက်တမ်းမှာ ၂၀၁၀ ပြည့်နှစ်၌ပြီးဆုံးမည်ဖြစ်သည်။ (အင်တာနက်)

ဉပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ဌာပနာတော်ပစ္စည်းများ ပူဇော်လှူဒါန်းနိုင်ရန်
အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူ ပြည်သူအများ ဖူးမြော်ကြည်ညိုနိုင်ရန် နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိသည့် ဉပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ သတ္တဌာန မူလဌာပနာတော်သွင်း မဟာမင်္ဂလာ၊ အလယ်ဌာပနာတော်သွင်းနှင့် ပန်းလည်တိုင်စိုက်ထူခြင်း မဟာမင်္ဂလာ အခမ်းအနားများကို မြန်မာသက္ကရာဇ် ၁၃၇၀ပြည့်နှစ်၊ တပို့တွဲလပြည့်နေ့ (၉-၂-၂၀၀၉ ရက်)တွင် ကျင်းပသွားရန် စီစဉ်ထားရှိပါသည်။

သို့ပါ၍ စေတီတော်မြတ်ကြီး၌ ဌာပနာတော်ထည့်သွင်းပူဇော်လှူဒါန်းလိုသူ စေတနာရှင် ရဟန်းရှင်လူပြည်သူများအနေဖြင့် လှူဒါန်းပစ္စည်းများအား အောက်ပါ ပုဂ္ဂိုလ်/ဌာနများသို့ အချိန်မီ ဆက်သွယ်ပေးပို့လှူဒါန်းပူဇော်နိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည် -

(က) ဗိုလ်မှူးကြီးသိန်းညွန့်၊ ဝန်ကြီး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန (ဉက္ကဋ္ဌ၊ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ) ဖုန်း-၀၆၇-၄၀၉၀၂၃၊ ၀၆၇-၄၀၉၃၆၃

(ခ) ဗိုလ်ချုပ်သန်းဌေး၊ ညွှန်ကြားရေးမှူး၊ ထောက်ပံ့နှင့်ပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန (ဉက္ကဋ္ဌ၊ ဉပ္ပါတသန္တိစေတီတော် တည်ဆောက်ရေး လုပ်ငန်းကော်မတီ)
ဖုန်း-၀၃၆-၃၁၀၃၀၊ ၀၃၆-၃၁၀၅၀

(ဂ) ဗိုလ်မှူးကြီးတင်ဌေး၊ ဒုတိယဝန်ကြီး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန (အဖွဲ့ဝင်၊ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ) ဖုန်း-၀၆၇-၄၀၉၃၆၈

(ဃ) ဗိုလ်မှူးကြီးကံချွန်
(အတွင်းရေးမှူး၊ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ)
ဖုန်း-၀၆၇-၄၁၄၂၀၅၊ ၀၆၇-၄၁၄၂၀၂

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ဉပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် လိုအပ်သော ရွှေပြားနှင့် ကျောက်ပြားများအား
လှူဒါန်းနိုင်ရန် တိုက်တွန်းနှိုးဆော်ခြင်း

ရဟန်းရှင်လူ ပြည်သူအများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ပေရှိ **"ဉပ္ပါတသန္တိစေတီတော်မြတ်ကြီး"** အား နေပြည်တော်၌ တည်ထားပူဇော်လျက် ရှိပါသည်။

မြန်မာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ် တပေါင်းပွဲတော်တွင် ကျင်းပမည့် ရဟန်းသံဃာ၊ လူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်တော် ဆက်ကပ်မည့် အခမ်းအနားကို ဉပ္ပါတသန္တိစေတီတော်မြတ်ကြီး ပြီးစီးမည့်အချိန်နှင့် ကိုက်ညီပြီး နေပြည်တော်၌ကျင်းပမည် ဖြစ်ပါသည်။

လှူဒါန်းနိုင်

စေတီတော်ကြီးအတွက် လိုအပ်သော ရွှေပြားနှင့် ကျောက်ပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင်ကပ်လှူရန် ရွှေပြား (၁ပေ×၁ပေ)	၂၉၆၄ ချပ် ၁ ချပ် ကျပ်	၁၆၂၀၀၀၀ နှုန်း
(၂) ကြာနှင့် ရွဲများတွင်ကပ်လှူရန် ရွှေပါးလွှာ (၁ပေ×၁ပေ)	၄၂၀၈ ချပ် ၁ ချပ် ကျပ်	၅၈၀၀၀၀ နှုန်း
(၃) ကျောက်ပြား(မာဘယ်) (၂ပေ×၂ပေ)	၂၂၈၁၉ ချပ် ၁ချပ် ကျပ်	၂၂၀၀၀ နှုန်း
(၄) စကျင်ကျောက် (၂ပေ×၂ပေ)	၁၀၀၈၉ ချပ် ၁ချပ် ကျပ်	၁၃၀၀၀ နှုန်း
(၅) မြစ်သားကျောက် (၂ပေ×၂ပေ)	၂၄၇၈၆ ချပ် ၁ချပ် ကျပ်	၁၃၀၀၀ နှုန်း

ဆက်သွယ်နိုင်

လှူဒါန်းလိုသူများသည် **"ဉပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေး ဆပ်ကော်မတီ"** အတွင်းရေးမှူး ဖုန်း-၀၆၇-၄၁၄၂၀၅၊ ၄၁၄ ၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

သစ်တောနှင့်သစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

စာကြည့်တိုက် အဆောက်အအုံသစ်များ မလှိုင်မြို့နယ်လုံးကျွတ် ဖွင့်လှစ်ပြီးစီး

မလှိုင် ဇန်နဝါရီ ၁၆

မလှိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှု မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ အနီးကပ် ကြီးကြပ်မှုဖြင့် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်များ မြို့နယ်လုံးကျွတ် ဖွင့်လှစ်ပြီးစီးမှု အခမ်းအနားကို ဒီဇင်ဘာ ၃၁ ရက်က မလှိုင်မြို့နယ် မုန်ပင်လေးကျေးရွာ ပျိုးခင်းသစ် စာကြည့်တိုက်၌ကျင်းပရာ မြို့နယ် ဉက္ကဋ္ဌ ဦးမျိုးသန်းနှင့် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဒေါ်ဆွေဆွေမြင့် တို့က မြို့နယ်လုံးကျွတ် ကိုယ်စား မုန်ပင်လေးကျေးရွာ ပျိုးခင်းသစ် စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးသည်။

ဖွင့်လှစ်နိုင်

မလှိုင်မြို့နယ်အနေဖြင့် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်များ ပေါ်ပေါက် လာရေးကို စီမံချက်ချ၍ ဆောင်ရွက် ခဲ့ရာ ၂၀၀၈ခုနှစ် ဒီဇင်ဘာ ၃၁ ရက် တွင် ကျေးရွာပေါင်း ၂၄၇ ရွာ၌ စာကြည့်တိုက် အဆောက်အအုံသစ် များ ဖွင့်လှစ်နိုင်ခဲ့ကြောင်းသိရသည်။

(၀၈၂)

အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်
ဘဏ္ဍာ/ အခွန်နှင့် လယ်ယာ/ဆည်မြောင်းတို့ အနိုင်ရ

ရန်ကုန် ဇန်နဝါရီ ၁၆

၂၀၀၈-၂၀၀၉ ဘောလုံးရာသီ မြန်မာလိဂ် (အဆင့်မြင့်တန်း) အမှတ်ပေး ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီခွဲက သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်းတို့တွင် ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ ဘဏ္ဍာ/ အခွန်အသင်းနဲ့ လယ်ယာ/ဆည်မြောင်းအသင်းတို့ အနိုင်ရရှိသွားပါတယ်။

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ - ဖိုးသော်ဇင်

သုဝဏ္ဏကွင်း

ဘဏ္ဍာ/အခွန် - ငါးဂိုး
ဆောက်လုပ်ရေး - ဂိုးမရှိ

လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန် အသင်းကတော့ ဂိုးသွင်းစွမ်းရည်ပြသပြီး ဆောက်လုပ်ရေးကို ဂိုးပြတ်အနိုင်ယူသွားပါတယ်။ အခုပွဲအနိုင်ရခဲ့တဲ့ ဘဏ္ဍာ/အခွန် အသင်းဟာ ဒီနှစ် အမှတ်ပေးပြိုင်ပွဲရဲ့ ပထမဦးဆုံး ဂိုးပြတ်အနိုင်ရတဲ့ပွဲဖြစ်ခဲ့သလို ပထမဦးဆုံးပေးဂိုးမရှိတဲ့ပွဲလည်း ဖြစ်ခဲ့ပါတယ်။ ဆောက်လုပ်ရေးအသင်းဟာ အခုပွဲမှာ ဘဏ္ဍာ/အခွန်အသင်းကို ခြေရည်တူ လိုက်ကစားနိုင်ခဲ့ပေမယ့် ဒုတိယပိုင်းမှာ ဂိုးတွေဆက်တိုက်ပေး လိုက်ရတာကြောင့်လည်း အခုလို ဂိုးပြတ် သွားတာပါ။

ကြိုးစား

ဆက်သွယ်ရေး၊ ပြည်ထဲရေးတို့ကို နှစ်ပွဲဆက်တိုက်အနိုင်ရရှိထားတဲ့ ဆောက်လုပ်ရေးအသင်းဟာ ဒီပွဲမှာလည်း ရလဒ်ကောင်းဖို့ အထူးပြင်ဆင်ခဲ့ပြီး ပထမပိုင်းမှာ ခြေစွမ်းအရ သာသယောင်တောင်ရှိခဲ့ပါတယ်။ တိုက်စစ်မှူး စည်သူသန်းနဲ့ တင်ဇော်မိုးတို့ အခွင့်အရေးတွေကို အသုံးမချနိုင်ခဲ့လို့သာ ဂိုးမရခဲ့တာပါ။ လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းကတော့ ရန်ပိုင်နဲ့ စိုးမြတ်မင်းကို ရှေ့မှာတင်ပြီး တောင်ပံနှစ်ဖက်ကနေ ဂိုးရဖို့ကြိုးစားခဲ့ပါတယ်။ ဘဏ္ဍာ/အခွန်အတွက် အဖွင့်ဂိုးကိုတော့ ပွဲအစငါးမိနစ်မှာ စိုးလင်းထွန်းက ပယ်နယ်တီဧရိယာအစပ်ကနေ ကန်သွင်းခဲ့တာ ဖြစ်ပါတယ်။

ဒုတိယပိုင်းမှာတော့ ပွဲဟာ အပြန်အလှန် ရှိခဲ့ပေမယ့် ဂိုးသွင်းသေချာတဲ့ ဘဏ္ဍာ/အခွန်တို့ ဂိုးတွေ ထပ်မံရရှိသွားပါတယ်။ လက်ရွေးစင်ဟောင်း မင်းဇော်ဦး ဦးဆောင်တဲ့ ဆောက်လုပ်ရေး နောက်တန်းဟာ ပထမပိုင်းမှာ ဘဏ္ဍာ/အခွန် တိုက်စစ်ကို ကြွံ့ကြွံ့ခံ ကာကွယ်နိုင်ခဲ့ပေမယ့် ဒုတိယပိုင်းမှာတော့ မထိန်းချုပ်နိုင်တော့ပါဘူး။ ဘဏ္ဍာ/အခွန်အတွက် အနိုင်ဂိုးတွေကို ၄၉ မိနစ်နဲ့ ၆၄မိနစ်မှာ တိုက်စစ်မှူး ရန်ပိုင်၊ ၈၁မိနစ်မှာ ခင်မောင်ထွန်းနဲ့ ၈၉မိနစ်မှာ အောင်ကျော်မိုးတို့က သွင်းယူခဲ့တာပါ။

အောင်ဆန်းကွင်း

လယ်ယာ/ဆည်မြောင်း - နှစ်ဂိုး
စွမ်းအင် - ဂိုးမရှိ

ပြီးခဲ့တဲ့ပွဲတုန်းက Air Bagan ကို အနိုင်ယူပြီး တန်းဆင်းဇုန်ကနေ ရုန်းထွက်ဖို့ ကြိုးစားနေတဲ့ လယ်ယာ/ဆည်မြောင်း အသင်းဟာ အမှတ်ပေးဇယား ထိပ်ဆုံးနားမှာရှိနေတဲ့ စွမ်းအင်ကို အနိုင်ယူပြီး တန်းဆင်းဇုန်ကနေ လွတ်မြောက်သွားခဲ့ပါတယ်။ စွမ်းအင်တို့ကတော့ မမျှော်လင့်ဘဲ ပထမဦးဆုံးအရှုံးနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ လယ်ယာ/ဆည်မြောင်း အတွက်ဂိုးတွေကို ပထမပိုင်းမှာ စွမ်းအင်က မျိုးဇော်ဦး ကိုယ့်ဂိုးကိုယ်သွင်းခဲ့မိပြီး ဒုတိယဂိုးကတော့ တင်အောင်မိုးက ဒုတိယပိုင်းမှာ သွင်းယူခဲ့တာ ဖြစ်ပါတယ်။

အခုပွဲအပြီးမှာ ဘဏ္ဍာ/အခွန်က ငါးပွဲကစား ၁၁မှတ်နဲ့ ထိပ်ဆုံးနေရာ ပြန်ရောက်သွားပြီး လယ်ယာ/ဆည်မြောင်းက အဆင့် ၇ နေရာအထိ တက်သွားခဲ့ပါတယ်။

ကာကွယ်

ဆောက်လုပ်ရေးမှစည်သူသန်း ခေါင်း တိုက် ဂိုးသွင်းမှုကို ဘဏ္ဍာ/အခွန်မှ ဂိုးသမား အောင် အောင် ဦး ကာကွယ်စဉ်။

(မြန်မာ့အလင်း)

ယနေ့ပွဲ

အောင်ဆန်းကွင်း

မြန်မာ့မီးရထား- Air Bagan F.C

သုဝဏ္ဏကွင်း

ပြည်ထဲရေး- သစ်တောရေးရာ။

(မြန်မာ့အလင်း)

■ *ကျောဖုံးမှ*

လေယာဉ်ပေါ်တွင် လေယာဉ်အမှုထမ်း ငါးဦးလည်း လိုက်ပါလာရာ လာဂွာဒီးယားလေဆိပ်မှ ပျံတက်ပြီး မကြာမီ ဝေဟင်၌ ငှက်အုပ်နှင့် တိုက်မိခဲ့ရာမှ လေယာဉ်အင်ဂျင်များ ပုံမှန်အလုပ်မလုပ်နိုင်ဘဲ ဖြစ်ခဲ့သည်။

ထိန်းသိမ်းဆင်းသက်

လေယာဉ်မှူးက လေကြောင်းထိန်းသိမ်းရေးသို့ အကြောင်းကြားခဲ့ပြီး မြေပြင် သို့မဟုတ် ရေပြင်သို့ဆင်းသက်ရန် ဆုံးဖြတ်ခဲ့ရာမှ ဟတ်ဆန်မြစ်ပေါ်သို့ လေယာဉ်ကို ထိန်းသိမ်းဆင်းသက်ခဲ့ခြင်းဖြစ်သည်။

ကယ်ဆယ်နိုင်

ကယ်ဆယ်ရေးအဖွဲ့များ အမြန်ရောက်ရှိလာကာ ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့သဖြင့် လေယာဉ်ပေါ်လိုက်ပါလာသူ တစ်ဦးမျှ သေဆုံးခြင်းမရှိအောင် ကယ်ဆယ်နိုင်ခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

ဥတုရာသီ တောကို မှီ၏

IBTC OPENGOLF CHAMPIONSHIPS
ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့ (၁၈)ကျင်း ဆက်လက်ယှဉ်ပြိုင်

ရန်ကုန် ဇန်နဝါရီ ၁၆

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် Myanmar P.G.A တို့က ကြီးမှူး၍ International Beverages Trading Co., Ltd. က အဓိက ကူညီပံ့ပိုးသော မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ (Myanmar Golf Tour 2008-2009)၏ ဒုတိယပွဲစဉ်အဖြစ် IBTC Open Golf Championships ဂေါက်သီးရိုက်ပြိုင်ပွဲကို ယမန်နံနက်စနာရီတွင် မန္တလေးတိုင်း မန္တလေးမြို့ရှိ ရေတံခွန်တောင် ဂေါက်ကွင်း၌ ဆက်လက်ကျင်းပသည်။

တတိယနေ့ ၁၈ကျင်းပြိုင်ပွဲအပြီးတွင် Professional Golfers ပြိုင်ပွဲ၌ ဇော်ဇော်လတ် (Srixon)က သုံးရက်ပေါင်းရိုက်ချက် ၂၁၁ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

မင်းနိုင် (Srixon)က သုံးရက်ပေါင်း ရိုက်ချက် ၂၁၃ချက်ဖြင့် ဒုတိယ၊ လှမျိုး (Srixon)က သုံးရက်ပေါင်းရိုက်ချက် ၂၁၄ချက်ဖြင့် တတိယ၊ အောင်ဆန်းဝင်း(Srixon)က သုံးရက်ပေါင်းရိုက်ချက် ၂၁၅ချက်ဖြင့် စတုတ္ထ၊ စိုးကျော်နိုင် (Srixon)က သုံးရက်ပေါင်း ရိုက်ချက် ၂၁၈ချက်ဖြင့် ပဉ္စမလိုက်နေကြသည်။

အမျိုးသား အပျော်တမ်းပြိုင်ပွဲတွင် ဘိုဘိုလေးက သုံးရက်ပေါင်း ရိုက်ချက် ၂၁၀ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

နေဗလဝင်းမြင့်က သုံးရက်ပေါင်း ရိုက်ချက်၂၁၄ချက်ဖြင့် ဒုတိယ၊ အောင်ဝင်း (သစ်တော)နှင့် မျိုးဝင်းအောင်တို့က သုံးရက်ပေါင်းရိုက်ချက် ၂၁၇ချက်စီဖြင့် တတိယလိုက်နေကြပြီး သန်းနိုင်ဦး(မုံရွာ)က သုံးရက်ပေါင်း ရိုက်ချက် ၂၂၀ဖြင့် စတုတ္ထလိုက်နေသည်။

ပံ့ပိုးကူညီ

အဆိုပါပြိုင်ပွဲကို မြန်မာဂေါက်သီး အကျော်အမော်များ ပေါ်ထွက်လာရေးအတွက် ရည်ရွယ်၍ Main Sponsor အဖြစ် International Beverages Trading Co., Ltd. က အဓိကကူညီပံ့ပိုးပြီး Sponsors များဖြစ်ကြသော Air Bagan Ltd., Hotel Yangon, Ruby Dragon(Jade and Gems) Co., Ltd. KBZ Bank Ltd., MGW Construction Ltd., Alpine Purified Drinking Water, MY Associates Co., Ltd, Srixon, ကျားခေါင်း ဘိလပ်မြေ၊ KM Golf Center, ACCEL International Co.,Ltd. (Canon) နှင့် Lifeline (DHEA-Plus) တို့ကလည်း ထပ်မံ၍ ပံ့ပိုးကူညီကာ ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် Han Event Management က တာဝန်ယူဆောင်ရွက်ပေးကြောင်း သိရှိရသည်။

(သတင်းစဉ်)

တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ် မြို့ပြလမ်းလုပ်ငန်းဖြစ်သော ဆန်ဆိုင်း(၁၃) ကတ္တရာခင်းခြင်းလုပ်ငန်းကို အငယ်တန်း အင်ဂျင်နီယာ(၂) ဦးလှမျိုးနှင့်အဖွဲ့ ဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၇ ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

Dumex

DANONE DUMEX (MALAYSIA) မှထုတ်လုပ်သော
Dumex နို့မှုန့်အားလုံးသည်
ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ
ကျန်းမာရေးဝန်ကြီးဌာနမှ နို့မှုန့်နှင့် နို့ထွက်ပစ္စည်း
များကို အများပြည်သူစားသုံးရန် အန္တရာယ်ရှိ/မရှိ
စစ်ဆေးရေးအဖွဲ့ ကြေညာချက်အမှတ် (၁/၂၀၀၈)အရ
စစ်ဆေးအတည်ပြုထားသည့် အန္တရာယ်မရှိသော
နို့မှုန့်နှင့်အာဟာရဓာတ်များကိုသာ အသုံးပြုထားသည့်
အတွက် စားသုံးသူများအနေဖြင့် ယုံကြည်စိတ်ချစွာ
ဆက်လက် စားသုံးနိုင်ပါကြောင်း ဂုဏ်ယူဝမ်းမြောက်စွာ
သတင်းကောင်းပါးအပ်ပါသည်။
ဝယ်ယူရောင်းချပေးလျက်ရှိသော
မိဘပြည်သူများနှင့် စားသုံးသူများအား
Dumex မှ အထူးပင်ကျေးဇူးတင်ရှိပါသည်။
မယ်လမင်း၊ ပါဝင်မှုနှင့် ပတ်သက်၍
စားသုံးရန် အန္တရာယ်မရှိကြောင်း အာမခံပါသည်။

တင်ဒါခေါ်ယူခြင်း

တောင်ငူတက္ကသိုလ် ဆဋ္ဌမအကြိမ်ဘွဲ့နှင်းသဘင် ဓာတ်ပုံဈေးပြိုင်တင်ဒါအတွက် ၂၆-၁-၂၀၀၉ ရက် မွန်းလွဲ ၁ နာရီ နောက်ဆုံးထား၍ တင်ဒါပုံစံများ တင်သွင်းနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၅၄-၂၄၀၀၁၊ ၂၄၀၀၃ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဓာတ်ပုံတင်ဒါရွေးချယ်ခေါ်ယူရေးအဖွဲ့
တောင်ငူတက္ကသိုလ်။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏သားဖြစ်သူ မောင်ကျော်သူရခိုင် ၁၀/ပမန(နိုင်) ၁၂၆၃၈၀ သည် မိဘတို့၏ ဆိုဆုံးမသည်ကို မနာခံဘဲ မိမိသဘောဆန္ဒအရ နေအိမ်မှ ဆင်းသွားသည့်အတွက် ယနေ့မှစ၍ အမွေစားအမွေခံ သားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ နောက်နောင် ငွေနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်မယူပါ။ **(စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)**

ဖခင်-ဦးနိုင်မြင့် ၁၀/ပမန(နိုင်)၁၂၆၃၈၇
မိခင်-ဒေါ်ခင်နွယ် ၁၀/ပမန(နိုင်)၀၁၀၆၃၂။

Family Happiness 2009

ညှော့ခန်းလေးမှာ ကျက်သရေရှိရှိ
မိသားစုပုံလေးတစ်ပုံ ချိတ်ပြီးပြီလား?

ဘိုးဘိုး ဘွားဘွား ဖေဖေ မေမေ သားလေး သမီးလေး မြေးလေး မြစ်လေး မိသားစုဝင်အားလုံး တစ်ချိန်တည်း တစ်နေရာတည်းမှာ စုံပြီး မိသားစုပုံရိုက်ရန် ခက်ခဲနေပါသလား?

မိသားစုဝင် ဘယ်လောက်များများ တစ်ချိန်တည်း တစ်နေရာတည်းမှာ ဆုံတွေ့စရာမလိုဘဲ နောင်လာနောက်သားတွေအတွက် တန်ဖိုးမဖြတ်နိုင်သော အမွေတစ်ခုအဖြစ် ထင်ကျန်ရစ်အောင် 2009 New Year မှာ-

Wai Wai photo studio မှ **Family Happiness 2009** အတွက် အထူး Service နှင့် အထူးနှုန်းကို စတင်လိုက်ပါပြီ။

Family Happiness 2009
Booking Hotline:
01-383822
01-256715

သတိပေးနှိုးဆော်ချက်

မော်တော်ယာဉ်မောင်းနှင်သူ အနေဖြင့် အရက်သောက်စား မူးယစ်မောင်းနှင်မှုကြောင့် ယာဉ်တိုက်မှုများ မကြာခဏ ဖြစ်ပွားလျက်ရှိရာ ရန်ကုန်မြို့တော်စည်ပင်သာယာ နယ်နိမိတ်အတွင်း အရက်သေစာ သောက်စား မောင်းနှင်ခြင်း မပြုရန်နှင့် လိုက်နာခြင်းမရှိပါက ခေတ်မီ အရက်မူးတိုင်းကိရိယာ(Alcohol Tester)ဖြင့် တိုင်းတာ၍ မူးယစ်မှုတွေ့ရှိပါက တရားဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်း
ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ဦးချစ်ဖေ ၁၂/တမန(နိုင်)၀၁၃၇၂၀နှင့် ကျွန်မ ဒေါ်သိန်းမြင့် ၁၂/တမန(နိုင်) ၀၁၃၇၁၉တို့၏သမီးဖြစ်သူ မအေးအေးခိုင် ၁၂/တမန(နိုင်) ၀၁၃၇၂၁သည် မိဘစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ၁၆-၁-၂၀၀၉ရက်မှစ၍ အမွေပြတ်စွန့်လွှတ်ပါသည်။

ဖခင်-ဦးချစ်ဖေ
၁၂/တမန(နိုင်)၀၁၃၇၂၀၊
မိခင်-ဒေါ်သိန်းမြင့်
၁၂/တမန(နိုင်)၀၁၃၇၁၉။



မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား တံခွန်စိုက်လက်ဝှေ့ပြိုင်ပွဲများ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၆

၂၀၀၉ခုနှစ် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား (က)အဆင့်နှင့် (ခ)အဆင့် တံခွန်စိုက်လက်ဝှေ့ပြိုင်ပွဲများကို ဇန်နဝါရီ ၂၅ရက်မှ ၃၀ရက်အထိ နေ့စဉ် ညနေ၃နာရီမှ စတင်၍ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲဝင် အသင်းများသည် ဇန်နဝါရီ ၂၃ရက်တွင် ရောက်ရှိရမည်ဖြစ်ပြီး ဇန်နဝါရီ ၂၄ရက် နံနက်၈နာရီမှ ၁၀နာရီအထိ ကိုယ်အလေးချိန်ခြင်းနှင့် ဆေးစစ်ခြင်းများကို ပြုလုပ်ရန် ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ရှိ မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် အတွင်းရေးမှူးထံ ဆက်သွယ်အကြောင်းကြားရမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

1972-UTC(1) ကျောင်းသားဟောင်းများ မိတ်ဆုံစားပွဲ

UTC(1) သို့ ၁၉၇၂ခုနှစ်တွင် စတင်ဝင်ရောက်ခဲ့သော တက္ကသိုလ်အသီးသီး(ရန်ကုန်)မှ ကျောင်းသားဟောင်းများ၏ ပထမအကြိမ် မိတ်ဆုံစားပွဲကို ၂၀၀၉ခု ဖေဖော်ဝါရီလတွင် ကျင်းပပြုလုပ်ရန် ရှိပါသဖြင့် သူငယ်ချင်းများ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ကြပါရန်။

၁။ ဦးလှိုင်မြင့်(ရှုပ) ဖုန်း-၂၂၈၃၂၆၊
၂။ ဦးခင်မောင်ဘို(ရှုပ) ဖုန်း-၂၉၃၄၄၈၊ ၂၀၁၁၇၁၊
၃။ ဦးဌေးကျော်(ဥပဒေ) ဖုန်း-၂၉၃၅၂၄၊ ၀၉-၅၁-၄၈၂၈၀၊
၄။ ဦးလှမြင့်(စက်မှု) ဖုန်း-၀၉-၅၀-၀၁၁၂၃၊
၅။ ဦးစိုးသိမ်း(ရှုပ) ဖုန်း-၇၀၀၈၈၉၊
၆။ ဦးခင်မောင်ဝင်း(သတ္တု) ဖုန်း-၀၉-၅၀-၀၉၅၇၃၊
၇။ ဦးဇင်ထွန်းလှိုင်(ရှုပ) ဖုန်း-၅၅၇၉၃၇။

နတ်မောက်စက်မှုအထက(၁)
အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲဖိတ်ကြားလွှာ

ရန်ကုန်မြို့နတ်မောက်လမ်းရှိစက်မှုလက်မှုအထက်တန်းကျောင်းတွင် ပညာသင်ကြားပေးခဲ့သော အသက် (၆၀)ကျော် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ ပူဇော်ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသားဟောင်းများ တက်ရောက်ကြပါရန် လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေရာ - ရန်ကုန်တက္ကသိုလ်များမဏ္ဍာရုံ
နေ့ရက် - ၁-၃-၂၀၀၉ ရက် (တနင်္ဂနွေနေ့)
အချိန် - နံနက် ၈ နာရီ

အလှူငွေထည့်ဝင်လှူဒါန်းလိုသူများ အောက်ပါ ကျောင်းသားဟောင်းများထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဦးလှထွန်း ဖုန်း-၀၉-၈၀-၂၂၉၅၆၊ ဦးတင်မြင့် ဖုန်း-၀၉-၂၄၅၀၄၆၁၊ဦးဘသိန်း ဖုန်း-၀၁-၃၉၁၇၄၀၊ ဦးသန်းဆွေ ဖုန်း-၀၉-၅၀-၁၂၇၂၈၊ ဦးသိန်းဝေ ဖုန်း-၀၁-၅၁၂၉၁၈၊ ဦးလှတင် ဖုန်း-၀၉-၅၁၀၉၆၆၃၊ ဦးနေလင်း ဖုန်း-၀၉-၅၀၂၇၄၄၉၊ ဦးဝင်းတင် ဖုန်း-၀၁-၅၆၃၆၉၈၊ ဦးစိုးဝင်း ဖုန်း-၀၉-၅၀၇၁၈၀၇၊ ဦးသန်းဝင်း ဖုန်း-၀၁-၅၆၆၂၅၂၊ ဦးတင်စိုး ဖုန်း-၀၉-၅၀၃၂၄၃၄၊ ဦးကျော်မြင့် ဖုန်း-၀၉-၅၀၇၃၆၂၆၊ ဦးအုန်းမြင့် ဖုန်း-၀၉-၅၀-၅၅၆၂၉၊ ဦးဝင်းရွှေ ဖုန်း-၀၁-၅၂၆၃၆၂။

အာစရိယပူဇော်ပွဲနှင့်မိတ်ဆုံစားပွဲဖြစ်မြောက်ရေးကော်မတီ။

✱ ကျောဖုံးမှ

ဒစ္စကာဗာရီအာကာသလွန်းပြန်ယာဉ်နှင့်အတူ အာကာသယာဉ်မှူး ခုနစ်ဦးလိုက်ပါသွားရန် စီစဉ်ထားရာ အဆိုပါ အာကာသယာဉ်မှူးများမှာ လီအာချမ်ဘတ်၊ တိုနီအင်တိုနီလီ၊ ဂျို့အကာဘာ၊ စတီစဝမ်ဆန်၊ ရစ်ချတ်အာနို၊ ဂျွန်ဖီးလစ်နှင့် ကိုအီချီဝါကာတာတို့ဖြစ်ကြသည်။

မောင်းနှင်မည်

ထိုအာကာသယာဉ်မှူးခုနစ်ဦးအနက်လီအာချမ်ဘတ်မှာခေါင်းဆောင်အဖြစ် တာဝန်ယူမည်ဖြစ်ပြီး တိုနီအင်တိုနီလီမှာ ဒစ္စကာဗာရီအာကာသလွန်းပြန်ယာဉ်ကို မောင်းနှင်သည့် တာဝန်ယူမည်ဖြစ်သည်။

ဂျပန်နိုင်ငံမှ အာကာသယာဉ်မှူးကိုအီချီဝါကာတာမှာ နိုင်ငံတကာ အာကာသယာဉ်စခန်း၌ နေထိုင်ခဲ့မည်ဖြစ်သည်။ ကိုအီချီဝါကာတာ အနေဖြင့် နိုင်ငံတကာအာကာသယာဉ်စခန်း၌ ရှိနေသော နိုင်ငံတကာ အာကာသယာဉ်စခန်းအင်ဂျင်နီယာ ဆန်ဒရာမက်နပ်စ်နှင့် လဲလှယ်ကြမည်ဖြစ်သည်။ ဆန်ဒရာမက်နပ်စ်မှာ ဒစ္စကာဗာရီ အာကာသလွန်းပြန်ယာဉ်နှင့်အတူ မြေပြင်စခန်းသို့ ပြန်လည်လိုက်ပါလာကြမည်ဖြစ်သည်။

အစားထိုးပြင်ဆင်မည်

လာမည့် ဖေဖော်ဝါရီလ၌ လွှတ်တင်မည့် ဒစ္စကာဗာရီအာကာသလွန်းပြန်ယာဉ်ခရီးစဉ်မှာ စုစုပေါင်း ၁၄ရက် ကြာမြင့်မည်ဟု နာဆာက သတ်မှတ်ထားသည်။ အာကာသယာဉ်မှူးများအနေဖြင့် နိုင်ငံတကာ အာကာသယာဉ်စခန်း၌နေထိုင်စဉ်ရက်များအတွင်း နိုင်ငံတကာအာကာသယာဉ်စခန်း၏ ပျက်စီးနေသော အစိတ်အပိုင်းများကို အစားထိုးပြင်ဆင်သွားမည်ဖြစ်သည်။

စီစဉ်ထား

ထို့အပြင် နိုင်ငံတကာ အာကာသယာဉ်စခန်း၏ ညာဘက်တွင် တပ်ဆင်ထားသော နေရောင်ခံစွမ်းအင်ပြားကိုလည်း ပြုပြင်တပ်ဆင်ရန် စီစဉ်ထားသည့်အပြင် အာကာသယာဉ်မှူးလေးဦးမှာ အာကာသအတွင်း လမ်းလျှောက်မှုများ ပြုလုပ်ကြရန်လည်း စီစဉ်ထားကြောင်း သိရသည်။

(အင်တာနက်)

နှွေဦးအကြို ဒေဝူးဈေးရောင်းပွဲတော် ဝယ်ယူသူများအထူးများပြား

သတင်းဆောင်းပါး-ဇော်၊ သတင်းဓာတ်ပုံ-ပါစီ(သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၁၆

OK Myanmar Co.,Ltd. မှ **ကြီးမှူးကျင်းပလျက်ရှိသည့် နွေဦးအကြို ဒေဝူးဈေးရောင်းပွဲတော်ကို Excel Treasure Tower ကားပါကင်ဝင်းအတွင်း ဇန်နဝါရီ ၁၅ရက်မှစ၍ ဖွင့်လှစ်ရောင်းချလျက်ရှိရာ ဝယ်ယူသူများ အကြိုက်တွေ့၍ စည်ကားသိုက်မြိုက်စွာ ဝယ်ယူနေကြသည်ကို တွေ့ရှိရသည်။**

မလွှတ်တမ်းဝယ်

ဒေဝူးပွဲတော်တွင် အိမ်သုံး One door ရေခဲသေတ္တာများမှာ မူလရောင်းဈေး ကျပ်၂၁၀၀၀၀မှ ဈေးပွဲတော်တွင် ကျပ်၁၅၈၀၀၀ဖြင့် ရောင်းချခဲ့သဖြင့် ဝယ်ယူလိုသူများ အကြိုက်တွေ့ပြီး မလွှတ်တမ်းဝယ်ယူလျက်ရှိသည်။

ဒေဝူးဈေးရောင်းပွဲတော်တွင် အိမ်သုံး:One door ရေခဲသေတ္တာများ၊ Two door ရေခဲသေတ္တာများကို ဝယ်ယူသူများ အကြိုက်တွေ့ဝယ်ယူနေကြစဉ်။(သတင်းစဉ်)

လူကြိုက်များ

အလားတူ ရေခဲသေတ္တာ Two door များမှာလည်း မူလရောင်းဈေး ကျပ်၃၈၉၀၀၀ ရောင်းရာမှ ဈေးပွဲတော်တွင်ကျပ်၂၈၉၀၀၀ဖြင့်ရောင်းချပေးသဖြင့် လူကြိုက်များသည့် ပစ္စည်းတစ်ခုဖြစ်နေသည်။

OK Myanmar Co.,Ltd. ၏ နွေဦးအကြို ဒေဝူးဈေးရောင်းပွဲတော်၏ ထူးခြားချက်မှာ ဟိုတယ်၊ ဆေးရုံ၊ စားသောက်ဆိုင်လုပ်ငန်းသုံး လေအေးပေးစက်များ၊ HQ အမှတ်တံဆိပ် အအေးခန်း Show Case များ၊Deep Freeze များကို ဈေးလျှော့ထားသည့်အပြင် ဝယ်ယူသုံးစွဲမည့် လုပ်ငန်းရှင်များ၏ ငွေကြေး အခက်အခဲပေါ်မူတည်၍ အထူးငွေပေးချေနိုင်သည့် အခွင့်အရေးများ ညှိနှိုင်းဆောင်ရွက်ပေးသဖြင့် လုပ်ငန်းရှင်အများအပြား လာရောက်ကာ အရောင်းအဝယ်စာချုပ်များဖြင့် အများအပြားဝယ်ယူနေကြကြောင်း ကုမ္ပဏီဒါရိုက်တာအဖွဲ့ဝင် ဦးဇော်ဝိတ်က သတင်းအဖွဲ့ကို ရှင်းပြသည်။

တိုးဝှေ့ဝယ်ယူ

ဈေးပွဲတော်တွင် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် Clearance Sale အစီအစဉ်လည်း ထည့်သွင်းထားရာ မူလရောင်းဈေးများထက် ၇၅ရာခိုင်နှုန်း လျှော့ရောင်းသည့် ပစ္စည်းများ ပါရှိသည့်အတွက် အဆိုပါ အရောင်း Counter တွင် ဝယ်ယူလိုသူများ တိုးဝှေ့ဝယ်ယူလျက်ရှိသည်ကို တွေ့ရသည်။

ဆက်လက်ရောင်းချ

ဈေးပွဲတော်တွင် ဒေဝူးပစ္စည်းများအပြင် Excel ShoppingMall မှ အဝတ်အထည်၊ လူသုံးပစ္စည်း၊ အလှကုန်ပစ္စည်းများကိုလည်း လျှော့ဈေးများဖြင့်ပူးပေါင်းပါဝင်ရောင်းချလျက်ရှိပြီး ဇန်နဝါရီ ၁၇နှင့် ၁၈ရက်များတွင် ဆက်လက် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ ။

(သတင်းစဉ်)

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

နေပြည်တော်ပျဉ်းမနားတွင် ယုဇနဈေးသစ်ဖွင့်လှစ် ဒေသခံပြည်သူများ ရောင်းဝယ်ဖောက်ကား၊ အလုပ်အကိုင် တိုးပွားလာ

နေပြည်တော် ပျဉ်းမနား၌ အသစ်ဖွင့်လှစ်လိုက်သော ယုဇနဈေးသစ်ကြီးတွင် ရောင်းဝယ်သူများဖြင့် အထူးစည်ကား များပြားလျက်ရှိသည်ကို ဤသို့ တွေ့ရသည်။ (လှရွှေ - ကေတုမတီ)

သတင်းမြင်ကွင်း
မြင့်မောင်စိုး

ဓာတ်ပုံမှတ်တမ်း
လှရွှေ(ကေတုမတီ)

စာမျက်နှာဖွဲ့စည်းမှု
သောင်းရွှေ (မြန်မာ့အလင်း)

နေပြည်တော် ဇန်နဝါရီ ၁၆

နေပြည်တော် စည်ပင်သာယာရေးကော်မတီသည် နေပြည်တော်ကြီးအား ခေတ်မီသန့်ရှင်းသာယာလှပသော မြို့တော်ကြီးအဖြစ် ပေါ်ထွန်းလာရေး အဘက်ဘက်မှ ကြိုးပမ်းတည်ဆောက်နေသကဲ့သို့ တစ်ဖက်တွင်လည်း နေပြည်တော် အဝန်းအဝိုင်းတွင် ပါဝင်သော မြို့များနှင့် နေပြည်တော်တို့တွင် ဒေသနေပြည်သူများ ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရန် ဈေးသစ်ကြီးများ တစ်ဈေးပြီးတစ်ဈေး တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိသည်။

အထူးစည်ကား

နေပြည်တော်မြို့မဈေး၊ သပြေကုန်းဈေး၊ အာဟာရသုခဈေးနှင့် သီရိရတနာ အဆင့်မြင့်ဈေးများသည် နေပြည်တော်၌ တည်ဆောက်ဖွင့်လှစ်ခဲ့သော အထင်ကရဈေးများ ဖြစ်လာသည်။ ယခုအခါ အဆိုပါဈေးများတွင် ရောင်းဝယ်ဖောက်ကားလာပြီဖြစ်၍ ဈေးသည်၊ ဈေးဝယ်များဖြင့် အထူးစည်ကားလျက်ရှိသည်။ *စာမျက်နှာ ၉ ကော်လံ ၄* ●

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

ဆယ်လ်လူလာဖုန်း ကာလကြာရှည်သုံးစွဲခဲ့လျှင် ဦးနှောက်နှင့် မျက်စိကင်ဆာများ ဖြစ်ပွားနိုင်ဟုဆို

ဆယ်လ်လူလာဖုန်းကို ပုံမှန်သုံးစွဲနေသူများသည် မျက်စိကင်ဆာဖြစ်ရန် အခွင့်အလမ်းများကြောင်း ဗြိတိသျှသုတေသန ပညာရှင်များက သတိပေးပြောကြားလိုက်သည်။

ဆဲလ်များပျက်စီး

ဆယ်လ်လူလာဖုန်းကို ကာလကြာရှည်စွာ ကိုင်တွယ်အသုံးပြုပါက ဆယ်လ်လူလာဖုန်းမှ ထွက်ရှိသော ရေဒီယိုလှိုင်းများသည် ဦးနှောက်နှင့် မျက်စိအတွင်းသို့ ရိုက်ခတ်ခြင်းကြောင့် ဆဲလ်များပျက်စီးစေသည်ဟု ဆိုထားသည်။

ထိခိုက်ပျက်စီး

ထို့အတူ ဆယ်လ်လူလာဖုန်းများ၏ ရေဒီယိုလှိုင်းကြောင့် မျက်စိရှိ မျက်ကြည်လွှာအပါအဝင် နုနယ်သော မျက်စိအတွင်းအစိတ်အပိုင်းများ ထိခိုက်ပျက်စီးကာ ကင်ဆာဖြစ်စေနိုင်ကြောင်း၊ ဦးနှောက်အတွင်း အစိတ်အပိုင်းများလည်း ထိခိုက်ပျက်စီးစေကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

ရေဒီယိုလှိုင်း

သို့သော် အခြားသုတေသနပြုချက်များကမူ လက်ကိုင်ဖုန်းများမှ ထွက်ရှိသော ရေဒီယိုလှိုင်းများထုတ်လွှတ်မှုအချိန်ကာလကို သေချာစွာ တွက်ချက်ရန် လိုအပ်နေသေးကြောင်း ထောက်ပြထားသည်။

ညနေပိုင်း ထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုများ ထမင်း/ဟင်း ချက်ပြုတ်ခြင်းမပြုရန်၊
(ခ) မီးဖိုသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်၊
(ဂ) မီးသည်သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ မပေါ့ဆ အထူးသတိပြု သုံးစွဲရန်။

မီးသတ်ဦးစီးဌာန

ဒစ္စကာဗာရီ အာကာသလွန်းပြန်ယာဉ် ရှေ့လ၌ လွှတ်တင်မည်

➤ ဘာသာပြန်သတင်းမှတ်စု - မောင်မောင်မြင့်ဆွေ
➤ စာမျက်နှာဖွဲ့စည်းမှု - ဟန်စိုး (မြန်မာ့အလင်း)

လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၁၆

အာကာသလွန်းပြန်ယာဉ် ဒစ္စကာဗာရီကို နာဆာက လာမည့်ဖေဖော်ဝါရီလ၌ လွှတ်တင်ရန်အတွက် အမေရိကန်နိုင်ငံ ကနေဒီအာကာသ ယာဉ်လွှတ်တင်ရေးစခန်း၌ လိုအပ်သည့် ချိတ်ဆက်တပ်ဆင်မှုများ ပြုလုပ်နေပြီဖြစ်သည်။ **(ယာပုံ)**

ပြင်ဆင်ဖြည့်ဆည်း

ဒစ္စကာဗာရီအာကာသလွန်းပြန်ယာဉ်ကို နိုင်ငံတကာအာကာသယာဉ်စခန်းသို့ လာမည့် ဖေဖော်ဝါရီ ၁၂ရက်၌လွှတ်တင်ရန် နာဆာက စီစဉ်ထားသည်။ ဒစ္စကာဗာရီလွန်းပြန်ယာဉ်သည် နိုင်ငံတကာအာကာသယာဉ်စခန်းသို့ လိုအပ်သော ပြင်ဆင်ဖြည့်ဆည်းမှုများပြုလုပ်ရန် လွှတ်တင်ခြင်းလည်းဖြစ်သည်။ *စာမျက်နှာ ၁၃ ကော်လံ ၁* ✻

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

အမေရိကန်ခရီးသည်တင်လေယာဉ် ငှက်အုပ်နှင့် တိုက်မိ ဟတ်ဆန်မြစ်အတွင်းအရေးပေါ် ဆင်းသက်ခဲ့ရ

လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၁၆

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့ လာဂွာဒီးယားလေဆိပ်မှ ခရီးသည် ၁၅၀ ကို တင်ဆောင်ပျံတက်ခဲ့သော အမေရိကန်လေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းသည် ငှက်အုပ်တစ်အုပ်နှင့် တိုက်မိပြီး ဟတ်ဆန်မြစ်ပေါ်သို့ ထိုးဆင်းခဲ့ရကြောင်း အမေရိကန် လေကြောင်းအရာရှိများက ပြောကြားသည်။ (ဝဲပုံ) *စာမျက်နှာ ၁၂ ကော်လံ ၄* ■